# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၀၀)

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ ကြာသပတေးနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

**နေပြည်တော်　ဩဂုတ်　၁**

၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွစ်ဇာလန်နိုင်ငံ သမ္မတ မစ္စတာ ဦအယ်လီမာဦးရာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# တောင်သူလယ်သမားများ ဒေသအချို့၌ မိုးခေါင်မှုကြောင့် သီးနှံအချို့ ပျက်စီးဆုံးရှုံးမှုများရှိ

## သီးနှံအသစ်များပြန်လည်စိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်

**နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပြောကြားသည့်**
**ရေဒီယိုမိန့်ခွန်း**
**(၁-၈-၂၀၁၃)**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဇူလိုင်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

မိဘပြည်သူများသိကြပြီးဖြစ်တဲ့အတိုင်း ကျွန်တော်ဟာ ဗြိတိန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံများကို ဇူလိုင်လ ၁၄ ရက်နေ့ကနေ ၂၀ ရက်နေ့ထိ အလုပ်သဘောခရီးသွားရောက်ခဲ့ပါတယ်။ ကျွန်တော်တို့နဲ့ သမိုင်းကြောင်းရှည်ကြာ ပတ်သက်မှုတွေရှိခဲ့ကြတဲ့ ဗြိတိန်နဲ့ပြင်သစ်နိုင်ငံများကို မြန်မာနိုင်ငံရဲ့ သမိုင်းအလှည့်အပြောင်းဖြစ်တဲ့ ယခုလိုအချိန်မှာ သွားရောက်ခဲ့တာဖြစ်ပါတယ်။

အစိုးရအဖွဲ့ခေါင်းဆောင်များ၊ လွှတ်တော်ခေါင်းဆောင်များနဲ့ တွေ့ဆုံပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိစ္စတွေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်တဲ့ကိစ္စတွေ၊ နိုင်ငံရေးအကျဉ်းသားကိစ္စတွေနဲ့ မြန်မာနိုင်ငံမှာ လတ်တလောဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ပဋိပက္ခကိစ္စတွေနဲ့ပတ်သက်ပြီး ထိရောက်တဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များထဲမှာ အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်တွေအတွက် တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကိစ္စတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

ဒ့ါအပြင် စီးပွားရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီကြီးများနဲ့လည်း တွေ့ဆုံပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလိုအပ်ဆုံးဖြစ်တဲ့ တာဝန်သိပြီး တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေ တိုးတက်စေဖို့ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်မှုတိုးတက်စေဖို့အတွက် အရပ်ဘက်အဖွဲ့အစည်းများကိုလည်း တွေ့ဆုံခဲ့ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ▲

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်နာယက တာဝန်လွှဲပြောင်းခြင်းအခမ်းအနား တက်ရောက်




ပြည်ထောင်စုလွှတ်တော်နာယက တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဧည့်သည်တော်များ ပြည်ထောင်စုလွှတ်တော်နာယက တာဝန်လွှဲပြောင်းခြင်းအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော်　ဇူလိုင်　၃၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးဒသမနေ့ကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက တာဝန်လွှဲပြောင်း၊ လက်ခံခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက တာဝန်လွှဲပြောင်းခြင်း အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ *စာမျက်နှာ ၇ ကော်လံ ၁* ◆

## ■ နိုင်ငံတကာ

**ဇင်ဘာဘွေနိုင်ငံ၌ ရွေးကောက်ပွဲစတင်ကျင်းပ**

သတင်းစာမျက်နှာ ➢ ၄

## ■ ပြည်တွင်း

**နိုင်ငံကူးလက်မှတ် ကိုင်ထားသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားများ နယ်စပ်စခန်းများမှ ပြည်တွင်းဝင်ရောက်နိုင်**

သတင်းစာမျက်နှာ ➢ ၁၁

## ■ နိုင်ငံရပ်ခြားထူးခြားသတင်း

**ရေကန်တစ်ခုတွင် ဦးနှောက်စားပိုးကူးစက်ခံရသည့် အသက် ၁၂ အရွယ် မိန်းကလေးငယ် သေဘေးနှင့် ရင်ဆိုင်နေရ**

သတင်းစာမျက်နှာ ➢ ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စေတနာသည် ကံကို ကောင်းစေပါသည်

စေတနာသည်'ကံ'မည်၏ဟု ဗုဒ္ဓမြတ်စွာမြွက်ကြားတော်မူခဲ့ပါသည်။ ကမ္ဘာသူ ကမ္ဘာသားများတွင် စေတနာ အကျိုးပေးကြောင့် ကြီးပွားသူ၊ ရာထူးဂုဏ်သိန်မြင့်မားသူများ ဒုနှင့်ဒေး ရှိပါသည်။ 'ကံ'သည် အလုပ်ဖြစ်သလို အလုပ်ပေါ်တွင် စေတနာထားမှုအလျောက် ယင်းအလုပ်က အကျိုးပေးခြင်းဖြစ်လာရသည်။

မိမိတို့၏ ပြုခဲ့သော စေတနာက အကျိုးပေးမှုသည် ယခုဘဝတွင်သာမက နောင်သံသရာထိပင် အကျိုးပေးတတ်ပါသည်။ အချို့ အောင်မြင်သူများအား ကံကောင်းသူဟု ဆိုကြသည်။ သို့သော် ထိုသူ အဘယ်ကြောင့် ကံကောင်းရသည်ကို လေ့လာစူးစမ်းရန် မပြုလုပ်လိုကြချေ။ အကယ်၍ စူးစမ်းကြည့်ပါက ထိုသူသည် သူလုပ်နိုင်သည်ထက် ပို၍ ကြိုးစားအလုပ်လုပ်ကိုင်သည့် စေတနာအရင်းခံကြောင့်ဖြစ်သည်ကို တွေ့မြင်ရပေလိမ့်မည်။

ဖြစ်ရပ်မှန်တစ်ခုရှိပါသည်။ ကမ္ဘာ့ချမ်းသာသူစာရင်းဝင် အင်ဒရူးကာနက်ဂျီသည် ငယ်စဉ်က သာမန် အောက်ခြေသိမ်း အလုပ်သမားဘဝနှင့် ဘူတာရုံတွင် အလုပ်ဝင်ခဲ့ရသော်လည်း အလုပ်ကို စေတနာထားကာ ကြိုးစား၍ သူ၏ရုံပိုင်က ကြေးနန်းရိုက်နည်း သင်ပေးခဲ့သည်။ တစ်နေ့တွင် ရုံပိုင်ခရီးထွက်ခိုက် ရထားခရီးစဉ် ရပ်ဆိုင်းရန် အမိန့်ဝင်လာ၏။ ကျန်ဘူတာရုံများသို့ ကြေးနန်းမပို့နိုင်လျှင် ခရီးသည်များစွာ၏ အသက်ဆုံးပါးကြရမည်။ သူ့အထက်အရာရှိများ တစ်ယောက်မျှ ကြေးနန်းမရိုက်တတ်၍ အင်ဒရူးကာနက်ဂျီက သူ့လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ ကြေးနန်း ရိုက်ပို့ခဲ့သည်။ သူ၏ ရုံပိုင် ပြန်လာသောအခါ သူ့အားပြစ်တင်ခြင်း မပြုသည့်အပြင် ရာထူးပါတိုးမြှင့်ပေးခဲ့သည်။ ဤသည်မှာ သူ၏ ကြိုးစားမှုစေတနာ အရင်းခံကြောင့်ပင်ဖြစ်သည်။ ထိုမှ အင်ဒရူးကာနက်ဂျီသည် အလုပ်ကို စေတနာထား လုပ်ကိုင်ရင်း နောက်ဆုံးတွင် ကမ္ဘာ့အချမ်းသာဆုံး သံမဏိ လုပ်ငန်းရှင်သူဌေးဘဝသို့ ရောက်ရှိလာခဲ့သည်။

စီးပွားရေး၊ လူမှုရေးနှင့် ရုံးလုပ်ငန်းများမှအစ အိမ်မှုကိစ္စမှန်သမျှတွင်လည်း စိတ်စေတနာကောင်းကောင်းနှင့် လုပ်ကိုင်ဆောင်ရွက်ကြပါမှ လုပ်ငန်းခွင်သာယာကာ လူချစ်လူခင်ပေါများမည့်အပြင် ကြီးပွားရာ ကြီးပွားကြောင်း အခွင့်အလမ်းများလည်း ပေါ်ထွက်လာနိုင်မည်မှာ အမှန်ပင်ဖြစ်သည်။

သူတစ်ပါး၏ ကံအကျိုးပေးကို ထိုင်အားကျနေရုံ၊ ငေးမောနေရုံဖြင့် အကျိုးမရှိချေ။ မိမိတို့ကိုယ်တိုင် စိတ်ထားကောင်းကောင်းဖြင့် ကြိုးစားအားထုတ်ကြပါလျှင် ကံအကျိုးပေး ကောင်းလာနိုင်ပါသည်။ အလုပ်ဟူသမျှ သေးငယ်သည်၊ ကြီးမားသည်မဟူ၊ စေတနာပါပါနှင့် လုပ်ကိုင်ဆောင်ရွက်ပါလျှင် အဘယ်သူမကြီးပွား မတိုးတက်ဘဲရှိနိုင်ပါမည်နည်း။ ကုန်လွန်ခဲ့သည့်အချိန်များတွင် စိတ်စေတနာကောင်းကောင်းဖြင့် မလုပ်နိုင်ခဲ့သဖြင့် ဒုက္ခနှင့် ကြုံတွေ့ရနိုင်သော်လည်း ယခုအချိန်မှစ၍ ဘဝကို စေတနာနှင့်ပေါင်းစပ်၍ ကြိုးစားလုပ်ကိုင်ဖြတ်သန်းကြမည် ဆိုလျှင်သင်လည်းအကျိုးပေးကောင်းသူတစ်ဦး ဖြစ်လာပါလိမ့်မည်။

သို့ဖြစ်၍ မည်မျှပင်သေးငယ်သိမ်နုပ်သောအလုပ်ကို လုပ်ရသည်ဖြစ်စေ အားမငယ်၊ အားမလျှော့ဘဲ အပြုံးကိုဆောင် စေတနာ လက်ကိုင်ထား၍ လုပ်ကိုင်ဆောင်ရွက်တတ်ရန် လိုပါသည်။ မည်မျှပင်ခက်ခဲကြမ်းတမ်းသောဘဝဖြင့် နေထိုင်ရသည်ဖြစ်စေ ယနေ့မှစ၍ စေတနာအပြည့်ဖြင့် အလုပ်ကို ကြိုးစားလုပ်ကိုင်ကာ ဘဝကို ဖြတ်သန်းပါက ကံကောင်းသူလူသားများဘဝကို ရယူပိုင်ဆိုင်နိုင်ကြမည် ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ပါသည်။ ။

## ပြည်တွင်းသတင်း

# လမ်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီပြီးစီးရေး အလေးထားဆောင်ရွက်နေ

**နေပြည်တော် ဇူလိုင် ၃၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Tipco Asphalt Public Company Limited တို့ပူးပေါင်း၍ ဇူလိုင် ၃၀ ရက်က ကတ္တရာများအကြောင်း၊ ကတ္တရာနှင့် ဆက်စပ်ပညာရပ်များ၊ နည်းပညာများ၊ လုပ်ငန်းခွင်သိမှတ်ဖွယ်ရာများနှင့်ပတ်သက်၍ Bitumen Technical Seminar ကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ယနေ့ခေတ် လမ်းပိုင်းဆိုင်ရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆီသို့ တဖြည်းဖြည်း ပြောင်းလဲလာသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ကတ္တရာ အသုံးပြုမှုသည် အရှေ့တောင်အာရှနိုင်ငံများ၌ ယခုနှစ်အတွင်း ပိုမိုများပြားလာပါကြောင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် အတိုင်ပင်ခံ အဖွဲ့အစည်းများနှင့်အတူ နည်းပညာဆိုင်ရာ ဖလှယ်မှုများကိုပါ ကမ်းလှမ်းဖိတ်ခေါ်ထားပါကြောင်း၊ နိုင်ငံ၏ ပြုပြင်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အတူ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံချင်သူများသည် ပူးပေါင်းဆောင်ရွက်မှုကို စိတ်ဝင်စားလာပါကြောင်း၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစိုက်မတ်မတ်အားထုတ်ပြီး ဆောင်ရွက်ခဲ့သလို နိုင်ငံတော်မှရည်မှန်းထားသည့်လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ ခိုင်မာသည့် အခြေခံအဆောက်အအုံတည်ဆောက်ရေးတို့ကို နိုင်ငံတော်ကိုယ်စားဆောင်ရွက်နေသည် ဖြစ်သည့်အတွက် လမ်းများစံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီပြီးစီးရေး အလေးထားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ အခြေစိုက် Tipco Asphalt Public Company Limited မှ Managing Director, Mr.Chaiwat Srivalwat က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Tipco Asphalt Public Company Limited မှ တာဝန်ရှိသူများက ကတ္တရာအတန်းအစား အမျိုးမျိုးသုံးစွဲပုံနှင့် အဆင့်မြင့် ကတ္တရာကွန်ကရစ်လမ်းများ တည်ဆောက်ပုံတို့ကို ရှင်းလင်းပြောကြားကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးကလည်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားမြို့ ပန်းခင်းလမ်းမကြီး၏ သပြေလမ်း လမ်းဆုံတွင် မီးပွိုင့် တပ်ဆင်ပေးရန် ဒေသခံများလိုလား

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် အဓိက မော်တော်ကား လမ်းမကြီးအဖြစ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးနှင့် ပန်းခင်းလမ်းမကြီးဟူ၍ လမ်းမကြီး နှစ်လမ်းရှိရာ ပန်းခင်းလမ်းမကြီးသည် ပျဉ်းမနားမြို့နှင့် နေပြည်တော် ဘူတာကြီးသို့ သွားရာတွင် အဓိက လမ်းမကြီးတစ်ခုဖြစ်၍ ယာဉ်ပေါင်းစုံ မောင်းနှင် စည်ကားလျက်ရှိရာ ပါဠိကွေ့နှင့် ပန်းခင်းရာဇဌာနီလမ်း ပွိုင့်များတွင်သာ မီးပွိုင့်တပ်ဆင်ပေးထားသည်ကိုတွေ့ရသည်။

**ဖြစ်ပွားနိုင်**

အဆိုပါ ပန်းခင်းလမ်းမကြီးကို ဖြတ်လျက် ဇွန်လမှစတင်၍ လမ်းအဆင့်မြှင့် ခင်းကျင်းပေးထားသော သပြေလမ်းသည် ပျဉ်းမနားမြို့ ပေါင်းလောင်းနှင့် ပန်းခင်းရပ်ကွက်တို့ကို ဆက်သွယ်ပေးထားသော လမ်းဖြစ်ပြီး ထိုလမ်းမှ နေပြည်တော်ခရိုင် လမ်းပေါင်းစုံလမ်းမကြီးသို့ သွားလာနိုင်သောကြောင့် ၄င်းလမ်းဆုံသည် ပျဉ်းမနားမြို့၏ အဓိကဆက်သွယ်ရေး ကွန်ရက်လမ်းမကြီး ဖြစ်သည်။ လေးပွင့်ဆိုင်လမ်းဆုံနေရာတွင် ယာဉ်အသွားအလာများပြားသည့်အတွက် ယာဉ်တိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ လမ်းအဆင့်မြှင့်တင်ခင်းကျင်းပေးထားပြီး ယာဉ်အသွားအလာများပြားသော ပန်းခင်းလမ်းမကြီး၏ သပြေလမ်း လေးပွင့်ဆိုင် လမ်းဆုံနေရာကို မီးပွိုင့်တပ်ဆင်ထားရှိပေးပါရန် ထင်သာမြင်သာ ကဏ္ဍမှ တင်ပြလိုက်ရပါသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**ထင်သာမြင်သာ ပြုပြင်စရာ**



# ဆေးကုသမှုခံယူနေသော လူနာများအား ဆေးဝါးများလှူ

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်သမ္မတရုံးမိသားစုများနှင့် စေတနာရှင်များက နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများကို ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများကို ကုသနိုင်ရန်အတွက် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဆေးဝါးများကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဝါးများကို နိုင်ငံတော်သမ္မတရုံး မိသားစုများနှင့် စေတနာရှင်များက လှူဒါန်းခဲ့ရာ လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်စန်းမြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသည် ပြည်သူ့ဗဟိုပြုသတင်းစာအဖြစ် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအားပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့် သတင်းဌာနများကိုမှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်ကို သတင်းပေးပို့သည့် စာမူနှင့်အတူ တစ်ပါတည်းထည့်သွင်းဖော်ပြ၍ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @ gmail.com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၀၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**







## ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

အပြောင်းအလဲကာလမှာ လိုအပ်တဲ့ နိုင်ငံတကာအကူအညီတွေ၊ ထောက်ခံမှုတွေနဲ့ နားလည်ပေးမှုတွေကို ရရှိဖို့အတွက် အရေးကြီးတဲ့ နိုင်ငံခြားခရီးစဉ်များကို ကျွန်တော့်အနေနဲ့ အချိန်ပေးသွားရောက်နေခြင်းလည်းဖြစ်ပါတယ်။

ဇူလိုင်လဟာဆိုရင် မြန်မာ့နိုင်ငံရေးသမိုင်းမှာ ခက်ခဲကြမ်းတမ်းတဲ့ အချိန်ကာလတစ်ရပ်ဖြစ်ပါတယ်။ ဝမ်းနည်းစရာတွေ၊ သံဝေဂရစရာတွေ ရှိနေသလို တိုင်းပြည်ရဲ့ အနာဂတ်အတွက် သမိုင်းသင်ခန်းစာယူစရာတွေလည်း အပြည့်ရှိနေပါတယ်။ နိုင်ငံရေးအကျပ်အတည်းတွေကို အကြမ်းဖက်တဲ့နည်းလမ်းနဲ့ ဖြေရှင်းဖို့ ကြိုးပမ်းတာတွေကို ကြုံတွေ့ခဲ့ရပြီး နောက်ဆုံးမှာ တိုင်းပြည်အတွက် ဘယ်လောက်ထိခိုက်နစ်နာစေခဲ့တယ်ဆိုတာ မိဘပြည်သူများ အသိပဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာ ဒီမိုကရေစီအလေ့အထရဲ့ အဓိက စံတန်ဖိုးတွေဖြစ်တဲ့ မတူညီတဲ့ အယူအဆတွေကို ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာသဘောထား ကွဲလွဲပိုင်ခွင့်၊ ဆွေးနွေးငြင်းခုံခွင့်တွေကို လက်မခံနိုင်တဲ့သူများ အစွန်းရောက် နိုင်ငံရေးသမားများရဲ့အန္တရာယ်ဟာ တိုင်းပြည်အတွက် ဘယ်လောက်တောင် ဆိုးကျိုးကြီးမားနိုင်တယ်ဆိုတာကို အမြဲသတိပေးနေတာလည်း ဖြစ်ပါတယ်။

တိုင်းပြည်လွတ်လပ်ရေးရအောင် ဆောင်ကြဉ်းပေးခဲ့တဲ့ ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ကြီးတွေကျဆုံးခဲ့တဲ့ ဇူလိုင်လ ၁၉ ရက်နေ့ဟာဆိုရင် မြန်မာ့သမိုင်းမှာ မမေ့ထိုက်တဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ ဗိုလ်ချုပ်နဲ့ အာဇာနည်ကြီးများ၊ ကျဆုံးလေပြီးတဲ့ခေါင်းဆောင်များရဲ့ ကျေးဇူးတရားတွေကို အမြဲအမှတ်ရနေရမယ့် နေ့ရက်တစ်ရက်လည်း ဖြစ်ပါတယ်။ ဒီလိုဂုဏ်ပြုထိုက်တဲ့ပုဂ္ဂိုလ်တွေကို အစိုးရအနေနဲ့လည်း နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ဂါရဝပြုခဲ့သလို အများပြည်သူလူထုကလည်း အထူးသဖြင့် လူငယ်တွေကိုယ်တိုင် တက်တက်ကြွကြွနဲ့ တစ်ခဲနက်ဂုဏ်ပြုနိုင်ခဲ့တာဟာလည်း မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွေရဲ့ အောင်မြင်မှုတစ်ရပ်လို့ ဆိုရမှာဖြစ်ပါတယ်။

ပြည်သူအများ သိရှိပြီးဖြစ်ကြတဲ့အတိုင်း ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ နိုင်ငံခြားခရီးစဉ်မထွက်ခွာမီမှာ တစ်ကြိမ်၊ နိုင်ငံခြားခရီးစဉ်က ပြန်ရောက်ရောက်ချင်း ၂၂ ရက်နေ့မှာ တစ်ကြိမ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ခေါင်းဆောင်လူကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ၊ လူ့အခွင့်အရေးကော်မရှင်က တာဝန်ရှိသူများနဲ့ တွေ့ဆုံပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးနဲ့ ပဋိပက္ခကာကွယ်တားဆီးရေးကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။

အကြောင်းတိုက်ဆိုင်တဲ့အတွက် ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အလယ်ပစ္စယံ ညီလာခံမိန့်ခွန်းကို ကိုးကားပြီး ပြောကြားလိုပါတယ်။ အဲ့ဒီမိန့်ခွန်းမှာ ဗိုလ်ချုပ်က လွတ်လပ်စွာ ဘာသာကိုးကွယ်နိုင်မှုဟာ နိုင်ငံသားအခွင့်အရေးတွေထဲက တစ်ခုဖြစ်တယ်ဆိုတာ မြွက်ကြားခဲ့တဲ့အပြင် ဘာသာတရားက သစ္စာ၊ မေတ္တာနဲ့ သမ္မာအာဇီဝ၊ သမ္မာကမ္မန္တတို့ကို ဓမ္မအနေနဲ့ ဟောကြားပြီး လူမှုမှာလည်း ဒီဓမ္မတွေကို လေးစားကြောင်း၊ လူမှုတိုးတက်ရေးနဲ့ ဘာသာရေးတို့ဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်သဘောမဆောင်ကြောင်း၊ ဒါပေမယ့် ဘာသာတရားရဲ့နာမကို အလွဲသုံးစားလုပ်ပြီး၊ ဆင်ခြင်တုံတရားကင်းမဲ့ခြင်းကို အကြောင်းပြုပြီး၊ မတရားတဲ့အမှုတွေကိုပြုရင်တော့ လူ့အဖွဲ့အစည်းက အဲဒီမတရားမှုကိုလျစ်လျူရှုနိုင်မှာ မဟုတ်ဘူးလို့ အတိအလင်းပြောကြားခဲ့ပါတယ်။

လူအများကို နစ်နာစေမယ့် တရားဓမ္မဖြစ်လေဟန် ဟောပြောမှုတွေ၊ လုပ်ဆောင်မှုတွေကိုလည်း တားမြစ်သွားရမယ်လို့ အဲဒီမိန့်ခွန်းမှာ ထင်ထင်ရှားရှားကြီးဖော်ပြခဲ့ပါတယ်။ အဲသလိုပဲ လွတ်လပ်စွာ ဘာသာကိုးကွယ်နိုင်မှုဆိုတဲ့အခွင့်အရေးကို ပေးတဲ့နေရာမှာတော့ နိုင်ငံရေးနဲ့ ကိုးကွယ်သည့်ဘာသာရေး နှစ်ဌာနစပ်ကြား စည်းတားရပေလိမ့်မည်လို့ ဆိုခဲ့ပါတယ်။ ဘာသာရေးနဲ့ နိုင်ငံရေးကို ရောစပ်ပါမူ ဘာသာရေး၏သဘောတရားကို ဆန့်ကျင်ရာရောက်ပေ၏လို့ဆိုခဲ့ပါတယ်။ ဗိုလ်ချုပ်ရဲ့ အလယ်ပစ္စယံ ညီလာခံမိန့်ခွန်းဟာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံအခြေအနေမှာ များစွာစဉ်းစားစရာ၊ များစွာသင်ခန်းစာယူစရာ ဖြစ်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်လို့ တိုးတက်လာမှုအချို့ကိုလည်း အသိပေးပြောကြားလိုပါတယ်။ လတ်တလောအခြေအနေမှာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များဟာ SSPP/SSA အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေဆောင်ရွက်နိုင်ခဲ့ပါတယ်။ "ဝ"အထူးဒေသ(၂)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နဲ့လည်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့သလို နှစ်ဖက်သဘောတူချက်တွေလည်း ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ မြစ်ကြီးနားမြို့မှာလည်း ကေအိုင်အေအဖွဲ့ရဲ့ နည်းပညာအဖွဲ့ အကြံပေးရုံးကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးဆွေးနွေးရာမှာ ထိထိရောက်ရောက်ရှိစေမယ့် ဆက်သွယ်ရေးလမ်းကြောင်းတွေ ပွင့်လင်းလာပြီလို့ ဆိုရမှာဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးနဲ့ လိုအပ်တဲ့ဆွေးနွေးညှိနှိုင်းမှုတွေ ဆက်လက်လုပ်ဆောင်နေပြီး မကြာမီမှာ တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ရေးထိုးနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ နောက်တစ်ဆင့် နိုင်ငံရေးဆွေးနွေးမှုတွေပြုလုပ်တဲ့အခါမှာလည်း သက်ဆိုင်တဲ့အင်အားစုတွေအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေကို ဆောင်ရွက်လျက်ရှိနေပါတယ်။

ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ အဓိကကျတဲ့အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး လက်ကျန်နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီကနေ နိုင်ငံရေးအကျဉ်းသား ၇၃ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ကျွန်တော်ကတိပေးထားတဲ့အတိုင်း ဒီနှစ်ကုန်မှာ နိုင်ငံရေးအကျဉ်းသား တစ်ဦးတစ်ယောက်မှ မကျန်ရှိစေဖို့ ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း မိဘပြည်သူများကို အသိပေးပြောကြားလိုပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက မကွေးတိုင်းဒေသကြီးမြောက်ပိုင်း၊ မန္တလေးနဲ့ စစ်ကိုင်းတိုင်းဒေသကြီး တချို့မြို့နယ်တွေမှာ မိုးခေါင်မှုကြောင့် စိုက်ပျိုးထားပြီး သီးနှံအချို့ ပျက်စီးဆုံးရှုံးမှုရှိကြောင်း သိရှိရပါတယ်။ တောင်သူလယ်သမားများ ဆုံးရှုံးနစ်နာမှုမရှိစေရန်နှင့် သီးနှံအသစ်များ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်သမ္မတအကြီးတန်းအကြံပေးအရာရှိနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်သမ္မတ အိုဘားမား၏ အကြီးတန်း အကြံပေးနှင့် မဟာဗျူဟာဆက်ဆံရေးနှင့် မိန့်ခွန်းရေးသားရေးဌာနမှ ဒုတိယအမျိုးသားလုံခြုံရေး အကြံပေးအရာရှိ မစ္စတာ ဘန်ဂျာမင် ဂျိမ်းစ် ရော့ဒ်နှင့်အဖွဲ့တို့သည် ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။ (ယာပုံ) (သတင်းစဉ်)



## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆွစ်ဇာလန်ဒုတိယသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

နေပြည်တော် ဩဂုတ် ၁

၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွစ်ဇာလန်နိုင်ငံ ဒုတိယသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီဒီရာ ဘတ်ခ်ဟော်လ်တာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## စာသင်ကြားပေးရုံသာမကဘဲ သုတေသနလုပ်ငန်းများလည်း လုပ်ဆောင်

နေပြည်တော် ဇူလိုင် ၃၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇူလိုင် ၂၈ရက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)၌ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများအား စာသင်ကြားပေးရုံသာမကဘဲ သုတေသနလုပ်ငန်းများကို လုပ်ဆောင်နေရန်လိုကြောင်း၊ သုတေသနအခြေပြုသည့် တက္ကသိုလ်များဖြစ်လာစေရန် ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်များ၌ ကျွမ်းကျင်မှုရှိပြီး နိုင်ငံတကာအဆင့်မီ သုတေသနများ လုပ်ဆောင်နေမှသာ ကျောင်းသားကျောင်းသူများကို တတ်မြောက်အောင် သင်ကြားပေးနိုင်မည် ဖြစ်ကြောင်း၊ စေတနာအပြည့်အဝထား၍ သင်ကြားပေးရန်လည်း လိုအပ်ကြောင်း၊ သုတေသနများ လုပ်ဆောင်နိုင်ရန် သုတေသနလက်တွေ့ စမ်းသပ်ခန်းများ သေချာစွာဖွဲ့စည်းထားရှိပြီး ကောင်းစွာ လေ့ကျင့်ပေးနိုင်မှသာ ကျောင်းသား ကျောင်းသူများအနေဖြင့် သုတေသနနှင့် လက်တွေ့လုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည်ဟုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအား ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၁

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေအား ကမ္ဘာ့ဘဏ် Financial and Private Sector (FPD) Mission မှ Lead Consel Ms. Nagavalli Annamalai နှင့်အဖွဲ့သည် ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော် (J- 20)ရှိ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ (မူကြမ်း) ရေးဆွဲရေး၊ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာ၊ ငွေပေးချေမှုစနစ်၊ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ထွန်း၊ ဦးစိုးမြင့်၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဦးအောင်ကြည်ညွန့်နှင့် ဦးအောင်ငြိမ်းတို့ တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဖလမ်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်

နေပြည်တော် ဇူလိုင် ၃၁

ချင်းပြည်နယ် ဖလမ်းမြို့နယ် ဗိုလ်ဆွန်ပက် ဝေါက်ကွင်း နှင့် တလန်းဇန်ကျေးရွာ မူလတန်းလွန်ကျောင်းဝင်းတို့၌ ဇူလိုင် ၂၇ ရက်က ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာပြည်သူများက ခါတော်မီ၊ ထင်းရှူး၊ သရက္ခန်၊ စိန်ပန်းပြာနှင့် ငုစပ် ပျိုးပင်စုစုပေါင်း ၆၇၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**



နိုင်ငံတကာသတင်း

# ရှန်ဟိုင်း၌ အပူချိန်လွန်

**ရှန်ဟိုင်း ဇူလိုင် ၃၁**

တရုတ်နိုင်ငံတစ်ဝန်း နေရာဒေသအများအပြားတွင် အပူချိန်မြင့်တက်လျက်ရှိရာ အပူလှိုင်းကျရောက်နိုင်မှု အရေးပေါ်သတိပေးချက် အဆင့်-၂ ကို ထုတ်ပြန်သတိပေးထားကြောင်း ဇူလိုင် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှန်ဟိုင်းမြို့တွင် ယခုရက်ပိုင်းအတွင်း အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်ခဲ့ရာ နှစ်ပေါင်း ၁၄၀ အတွင်း အမြင့်ဆုံးအပူချိန်ပင်ဖြစ်ကြောင်း၊ အပူဒဏ်ကြောင့် လူ ၁၀ ဦးခန့်သေဆုံးခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အန်ဟွေး၊ ကျန်စု၊ ဟူနန်၊ ဟူဘေး၊ ရှန်ဟိုင်းနှင့်ချုံကျင်း ပြည်နယ်များအပါအဝင် တရုတ်နိုင်ငံ ရှိ ပြည်နယ်ကိုးပြည်နယ်၌ အပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်ထားသည်။ ရှန်ဟိုင်းမိုးလေဝသဗျူရိုမှ သတင်းထုတ်ပြန်ချက်အရ အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထိ ဆက်လက်ရှိနေမည်ဟု ဖော်ပြထားသည်။ အဆိုပါ အပူချိန်သည် ချုံကျင်းပြည်နယ်အပါအဝင် ယန်စီမြစ်၏ တောင်ဘက်ဒေသ ပြည်နယ်အချို့တွင် သြဂုတ် ၈ ရက်ခန့်အထိ ဆက်လက်ဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း တရုတ်အမျိုးသား မိုးလေဝသဗျူရိုကသတိပေးချက် ထုတ်ပြန်ထားသည်။ **(ဘီဘီစီ)**





# ဇင်ဘာဘွေနိုင်ငံ၌ ရွေးကောက်ပွဲစတင်ကျင်းပ

**ဇင်ဘာဘွေ ဇူလိုင် ၃၁**

ဇင်ဘာဘွေနိုင်ငံ သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ နိုင်ငံတစ်ဝန်း မဲရုံများသို့ ဆန္ဒမဲပေးခွင့်ရှိ ပြည်သူများ သွားရောက်မဲပေးခဲ့ကြကြောင်း ဇူလိုင် ၃၁ ရက်က သတင်းထုတ်ပြန်သည်။

ယခုရွေးကောက်ပွဲတွင် အာဖရိက၌ အသက်အကြီးဆုံးသမ္မတဖြစ်သည့် ရောဘတ်မူဂါဘီနှင့် အဓိကပြိုင်ဘက် ဝန်ကြီးချုပ်မော်ဂန်တို့၏ အကြိတ်အနယ်ယှဉ်ပြိုင်ရသည့် ရွေးကောက်ပွဲလည်းဖြစ်သည်။ ဇင်ဘာဘွေလက်ရှိသမ္မတ မူဂါဘီမှာအသက် ၈၉ နှစ်အရွယ်ရှိပြီး ပြိုင်ဘက်ဖြစ်သည့် ဇင်ဘာဘွေဝန်ကြီးချုပ် မော်ဂန်မှာ အသက် ၆၁ နှစ်အရွယ်ရှိသည်။

ယခုဇင်ဘာဘွေသမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲသို့ မဲပေးခွင့်ရှိသူ ဇင်ဘာဘွေပြည်သူများ လာရောက်မဲပေးကြမှုကို ပြည်တွင်းပြည်ပမှ လေ့လာသူများနှင့် သတင်းထောက်ဦးရေ ၇၀၀၀ ခန့်လာရောက်လေ့လာ အကဲခတ်သတင်းယူကြသည်။

ယခုရွေးကောက်ပွဲတွင် သမ္မတမူဂါဘီ၏ ZANU-PF ပါတီနှင့် ဝန်ကြီးချုပ်မော်ဂန်၏ အမ်ဒီစီပါတီတို့ အဓိကယှဉ်ပြိုင်ကြခြင်း ဖြစ်သည်။ သမ္မတမူဂါဘီသည် ၁၉၈၀ ပြည့်နှစ်က အင်္ဂလိပ်တို့ထံမှ ဇင်ဘာဘွေလွတ်လပ်ရေးရရှိခဲ့ကတည်းက အာဏာရရှိခဲ့သူဖြစ်ရာ ယခုအချိန်တွင် သမ္မတသက်တမ်း ၃၃ နှစ်ရှိပြီဖြစ်သည်။

သို့သော် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲ၌ သမ္မတမူဂါဘီ၏ ZANU-PF ပါတီအနိုင်ရရှိခဲ့သော်လည်း အမ်ဒီစီပါတီမှ မော်ဂန်က ဝန်ကြီးချုပ်နေရာကို ရယူနိုင်ခဲ့သည်။ ယခုရွေးကောက်ပွဲ၌ မိမိရှုံးနိမ့်ပါက ၃၃ နှစ်ကြာ အာဏာရယူမှုကို အဆုံးသတ်ကာအေးချမ်းစွာ အာဏာစွန့်လွှတ်သွားမည်ဖြစ်ကြောင်း သမ္မတမူဂါဘီက ပြောကြားသည်။

ရွေးကောက်ပွဲ ရလဒ်ကို ရွေးကောက် ပွဲကျင်းပပြီး ငါးရက်အတွင်း ထုတ်ပြန်ရမည်ဟု သတ်မှတ်ထားသည်။

**(ရိုက်တာ)**

# မအောင်မြင်သည့်ကြားဖြတ်ဒုံးကျည်စနစ် အမေရိကန်နိုင်ငံ ဒေါ်လာ ၂၅၀ ဘီလီယံဆုံးရှုံး

**နယူးယောက် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်တွင် နှစ် ၃၀ကြာ သုတေသနပြု၍ တီထွင်ခဲ့သော ကြားဖြတ်ဒုံးကျည်စနစ်တစ်ရပ်ကို မကြာသေးမီက စမ်းသပ်စစ်ဆေးခဲ့ရာ ပစ်မှတ်လွဲချော်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံခန့် စိုက်ထုတ်ထားရသည့် စီမံကိန်းတစ်ခုလုံး အကျိုးဖြစ်ထွန်းမှုမရှိဘဲ ဆုံးရှုံးရကြောင်း ပရက်စ်တီဗွီက ဇူလိုင် ၃၁ ရက်တွင် ဖော်ပြသည်။

အမေရိကန် သိပ္ပံပညာရှင်အဖွဲ့အစည်းမှ အကြီးတန်းအရာရှိ ယုဆက်ဖ်ဘတ်က စီမံကိန်းအပေါ် ငွေကြေးများစွာ တစ်စုံတစ်ရာသုံးစွဲခြင်းမပြုမီ စနစ်၏ ချွတ်ယွင်းချက်ကို စစ်ဆေးပြင်ဆင်သင့်ကြောင်း နယူးယောက်တိုင်းမ်တွင် ရေးသားခဲ့သည်။

အမေရိကန်နိုင်ငံသည် ဇူလိုင် ၅ ရက်က ကယ်လီဖိုးနီးယားရှိ ဗန်ဒန်ဘတ်ခ်ျ လေတပ်အခြေစိုက်စခန်းမှ အဆင့်မြင့်ကြားဖြတ်တိုက် ဒုံးကျည်ကို စမ်းသပ်ခဲ့သည်။ မာရှယ်ကျွန်းစုရှိ ကာဝါဂျာလင်ရေငန်သန္တာကျောက်တန်းဒေသတွင်ရှိသော အမေရိကန်စစ်ရေးစမ်းသပ်ကွင်းမှ ပစ်လွှတ်လိုက်သော တာဝေးပစ် ဖျက်အားပြင်းဒုံးကျည်ကို ကြားဖြတ်ပစ်ချရာတွင် ပစ်မှတ်ထိမှန်ခြင်းမရှိဘဲ စမ်းသပ်မှုမအောင်မြင်ဖြစ်ခဲ့သည်။

**(ပရက်စ်တီဗွီ)**



ဇူလိုင် ၅ ရက်က မာရှယ်ကျွန်းစုရှိ အမေရိကန် စစ်ရေးစမ်းသပ်ကွင်းမှ ပစ်လွှတ်ခဲ့သည့် ကြားဖြတ်ဒုံးကျည်စနစ်၏ ပစ်မှတ် တာဝေးဒုံးကျည်ပစ်လွှတ်မှုကို တွေ့ရစဉ်။ ပရက်စ်တီဗွီ

# အချုပ်ခန်းအတွင်း အစာရေစာမဲ့အလုံပိတ်ခံခဲ့ရသော တက္ကသိုလ်ကျောင်းသား ကန်ဒေါ်လာလေးသန်း အလျော်ရ

**ဆန်တီယာဂို ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံတွင် မူးယစ်ဆေးဝါးအမှုဖြင့် ဖမ်းဆီးခဲ့သော တက္ကသိုလ်ကျောင်းသား တစ်ဦးကို အချုပ်ခန်းအတွင်း လေးရက်ကျော်ကြာအစာရေစာမဲ့ ပစ်ထားခံခဲ့ရခြင်းအတွက် အမေရိကန်အစိုးရကလျော်ကြေးငွေ ဒေါ်လာ လေးသန်းပေးခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဇူလိုင် ၃၁ ရက်က ဖော်ပြသည်။



ဆန်တီယာဂိုမြို့မှ ဒီနီယယ်ချောင်သည် ၂၀၁၂ ခုနှစ်အတွင်းက မူးယစ်ဆေးဝါးမှုဖြင့် အပေါင်းအဖော်ရှစ်ဦးနှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။ ရဲအရာရှိတစ်ဦးက ခဏနေပြန်လာမည်ဟုပြောခဲ့ကာ ချောင်အား အလုံပိတ်အချုပ်ခန်းအတွင်း ထားရစ်ခဲ့ကြောင်း၊ လေးငါးရက်တိုင်အောင် တစ်ဦးမှ ပြန်ရောက်လာခဲ့ခြင်းမရှိဘဲ အစာရေစာမဲ့နေခဲ့ရကြောင်း ချောင်၏ ရှေ့နေက ပြောကြားသည်။

အချုပ်ခန်းအတွင်းအသက်ဆက်နိုင်ရေးအတွက် ကိုယ့်ကျင်ငယ်ရေကိုယ်ပြန် သောက်ခဲ့ရသည်ဟု ချောင်က အဖြစ်အပျက်ကို ပြောပြသည်။ အချုပ်ခန်းအတွင်း ထိုသို့ကြုံတွေ့နေရချိန်များတွင် ချောက်ချားတုန်လှုပ်နေကြောင်း၊ လက်မောင်းကို ကုတ်ခြစ်ရာပေးပြီး မိခင်ဖြစ်သူထံ သတင်းစကားထားခဲ့နိုင်ရေး ကြိုးစားသေးကြောင်း ချောင်က ဆိုသည်။

မူးယစ်ဆေးဝါးတရားစီရင်ရေးစီမံဌာန DEA ၏ ဆန်တီယာဂို ဌာနချုပ် အချုပ်ခန်းအတွင်း အလုံပိတ်နေသည်ကို သတိထားမိရန် ချောင်က အော်ဟစ်ကြိုးစားခဲ့သည်။ ချောင်ကို တွေ့ရှိချိန်တွင် ကျင်ကြီးကျင်ငယ်များ ပေကျံလျက်ရှိသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တရားဌာနစုံစမ်းရေးအရာရှိများက မည်သို့ဖြစ်ပျက်ခဲ့သည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ DEA ဥက္ကဋ္ဌဖြစ်သူက ယခုလိုဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်နှင့် ပတ်သက်ပြီး ပြီးခဲ့သည့်မေလက လူသိရှင်ကြား တောင်းပန်ခဲ့ပြီး အလွန်ခေါင်းခဲစရာအဖြစ်အပျက်ပါဟု ပြောကြားခဲ့သည်။

အလုံပိတ်အခန်းတွင်းမှ လွတ်မြောက်ပြီးနောက် ချောင်ကို ရေဓာတ်ကုန်ခန်းခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ကြွက်တက်ခြင်းနှင့် အစာပြွန်ဖောထေးခြင်းတို့ကို ဆေးရုံတွင် ငါးရက်ကြာပြုစုကုသပေးခဲ့ရသည်။ ကံဆိုးမိုးမှောင်အခြေအနေမှ လွတ်မြောက်ခဲ့သူချောင်သည် အဖြစ်ဆိုးကြောင့် ကိုယ်အလေးချိန် ၁၅ ပေါင် ကျဆင်းသွားခဲ့သည်။

ယခုအဖြစ်အပျက်နှင့်ပတ်သက်ပြီး တရားတပေါင်စွဲဆိုသွားမည်မဟုတ်ကြောင်း၊ လွဲချော်မှားယွင်းမှုအပေါ် ခွင့်လွှတ်မေ့ဖျောက်ပစ်ရန်သာ တွေးထားခဲ့ကြောင်း ချောင်က ပြောကြားခဲ့သည်။ **(ဘီဘီစီ)**







ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ပေါ့နော်ဇေးရှင်း

**ကျော်စောမောင်**

ခေတ်ရေစီးကြောင်းတို့သည် မည်သည့်နိုင်ငံ၊ မည်သည့်ဒေသ၊ မည်သည့် အရပ်သို့မဆို စီးဝင်ကြစမြဲပင်။ ထိုသို့စီးဝင်ရာအရပ်ဒေသအသီးသီးတို့၏ လူနေမှုစနစ်အပေါ် နိစ္စဓူဝအရေးတို့အပေါ်လည်း လွှမ်းမိုးတတ်စမြဲ။

ခေတ်တစ်ခေတ်တွင် လူအများ၏ ဝတ်စား၊ သွားလာ၊ နေထိုင်မှုပုံစံတို့ သည်လည်း ရိုက်ခတ်လာသော---ဖေးရှင်းတစ်ခု သို့မဟုတ် ပျံ့နှံ့သက်ရောက် မှုအမျိုးမျိုးကို အချိန်ကာလတစ်ခုအထိ စွဲမြဲကျင့်သုံး ပြောဆိုနေထိုင်ခဲ့ ကြသည်ကို သာဓကများစွာက ပြဆိုခဲ့ကြပါသည်။

မိမိတို့နိုင်ငံကိုပင်ကြည့်ပါ။ သမိုင်းတင်ပြီးခေတ်အဆက်ဆက်က သုံးနှုန်း ခဲ့သော အပြောအဆို၊ အနေအထိုင်၊ အလေ့အထတို့သည် သမိုင်း၏စာမျက်နှာ များစွာတွင် နေရာယူထားကြပြီး မှတ်တမ်းမှတ်ရာ၊ ကာလံဒေသံလိုက်၍ အမျိုးမျိုးတို့တွင် ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းကြေးမုံကို ထင်ရှား စွာ မှတ်မှတ်သားသားဖြစ်ခဲ့ရပါသည်။

မြန်မာတို့၏ ရိုးရာစကားပုံများ၊ စကားထာများသည်လည်း ခေတ်၏ သရုပ်ကိုပြသော ပြယုဂ်များပင်တည်း။ ထိုထိုသော ရိုးရာစကားထာများ သည်ပင် ကာလရွေ့လျော၍ ခေတ်အဆက်ဆက်သို့ ဖြတ်သန်းလာရာတွင် အဆိုပါခေတ်နှင့်လျော်ညီသော စကားထာများ ဆိုစမှတ်များသို့ ပြောင်းလာ ခဲ့ပေသည်။

မြန်မာစာ၊ မြန်မာအရေးအသားတို့ကို မြန်မာတို့ကပင် ခေတ်အဆက် ဆက် ဉာဏ်ကွန့်မြူးနိုင်သလောက် တိုးတက်ပြောင်းလဲလာသော၊ ခေတ်စနစ် နှင့်အညီ တရွေ့ရွေ့ပြောင်းလဲသုံးစွဲလာသည်ကိုလည်း အများအမြင်ပင် ဖြစ်ပေသည်။

မြန်မာစာ၊ မြန်မာစကားအသုံးအနှုန်းတို့ကို "စံ"တစ်ခုထား၍ မမှားရန်၊ မလွဲစေရန် ပြန်လည်တည့်မတ်ပေးနေသည်ကိုလည်း ဘက်စုံကဏ္ဍစုံတို့တွင် တွေ့နေရပေသည်။

နိုင်ငံတကာစံနှုန်းဖြင့်ပြောရသော် မိမိတို့၏ မိခင်ဘာသာစကားဖြစ်သော မြန်မာစာသည် နှစ်ပေါင်း ရှည်ကြာစွာ သုံးစွဲလာသော ဘာသာဖြစ်ရုံမက၊ ဝေါဟာရကြွယ်ဝသော၊ သံတူကြောင်းကွဲများပြားသော၊ ပေါရာဏများပြား လှသော အမွန်ရတနာတစ်ပါးပင်တည်း။ ကိုယ့်လူမျိုး၏ ဘာသာစကားကို ကျွမ်းကျင်ရန်၊ သဒ္ဒါမှန်ကန်ရန်၊ အထားအသိုမှန်ကန်ရန်တို့သည်လည်း အရေးပါလှသော ဘာသာဗေဒတစ်ခု၏ လက္ခဏာများပင်ဖြစ်ရာ"မြန်မာလို ရေးတာ မြန်မာနားလည်ဖို့" လိုသလို"မြန်မာလိုပြောတာ မြန်မာနားလည်ဖို့" လည်း လိုအပ်လှပါသည်။

ယခုခေတ်အခါတွင် အိုင်တီခေါ် သတင်းအချက်အလက်နည်းပညာ တိုးတက်ထွန်းကားချိန်ဖြစ်၍ ၁၉၇၀ များဆီမှစ၍ မြန်မာနိုင်ငံသည်လည်း အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းကာ ရောင်စုံရုပ်မြင်သံကြား စနစ်သုံးစွဲ နိုင်ကာ ရုပ်မြင်သံကြားစက်များ တွင်တွင်အသုံးပြုလာကြပြီဖြစ်သည်။ ယခင်က အသံအာရုံကိုသာ အဓိကထား၍ နားထောင်ကာ ဖျော်ဖြေမှု၊ ကြေညာမှု၊ ပြန်ကြားပေးမှု၊ ပညာပေးမှုများကို လေးထောင့်ပုံ ရေဒီယိုမှတစ်ဆင့် လေလှိုင်း ထဲမှ ထုတ်လွှင့်ချက်များကို မြို့ရော၊ နယ်ပါမကျန် နားဆင်ခဲ့ကြရသည်။ ယခုမူ များစွာတိုးတက်နေသော သတင်းအချက်အလက်နည်းပညာ၏ စွမ်း ပကားဖြင့် အံ့မခန်းသော ဖျော်ဖြေတင်ဆက်မှုမျိုးစုံကို ရုပ်သံလိုင်းအမျိုးမျိုးမှ ကြည့်ရှုခံစားနိုင်သကဲ့သို့ ကမ္ဘာတစ်လွှားဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကိုပါ စက္ကန့်မခြား သိရှိနိုင်လာပေသည်။

ကမ္ဘာကြီးသည် အမှန်တကယ်ပင်"ကျဉ်း" သွားပေရော့လား။ တစ်ဖက်က လည်း တိုးတက်ပြောင်းလဲမှုနှုန်းများလျင်မြန်စွာ တိုးဖောက်ဝင်ရောက်လာသည်ကို ရုပ်ဝတ္ထုပစ္စည်းများ အမျိုးမျိုးက သက်သေထူနေသလို တစ်ဖက်ကလည်း မိမိတို့ ၏ လူမျိုး၊ ဘာသာ၊ လူနေမှုအကျင့်စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ၊ ပြောဆို နေထိုင်ပုံများကိုပါ တစ်စတစ်စ လွှမ်းမိုးလာနေသော အရိပ်ကြီးကလည်း ကြီး သထက် ကြီးလာနေသည်ကို စိုးရိမ်ဖွယ်ရာတွေ့နေရပေသည်။

သတင်းစာများ၊ ဂျာနယ်များ၊ စာစောင်များ များပြားလာသည်နှင့်အမျှ ကြောက်ရွံ့ဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ၊ မမြင်ဖွယ်ရာ၊ မကြားဝံ့ဖွယ်ရာများ သည်လည်း အချိန်နှင့်အမျှ ဖြစ်ပေါ်တိုးတက်ဖော်ပြလာကြသည်ကိုလည်း ဝမ်းနည်းဖွယ်ရာ၊ စိုးရိမ်ဖွယ်ရာ တွေ့နေရပေသည်။

ကူးစက်ပျံ့နှံ့မှုသည် ရတ်တရက်ကြည့်လျှင် ထင်သာမြင်သာရှိသော၊ သာမန် သဘောဆောင်သောဟူ၍ ရိုးရိုးလေးတွေးတတ်ကြသည်။ ယခုခေတ်အချိန် အခါသည် ရောဂါဘယမဆိုထားနှင့်၊ ပြောဆိုသုံးစွဲပုံများသည်ပင်လျှင် ကူးစက်မှု က အံ့မခန်းမြန်ဆန်နေသည်ကိုတွေ့ရသည်။ တခြားမကြည့်ပါနှင့်။ မြန်မာနိုင်ငံ အတွင်းမှာပဲ ယခုခေတ်ထင်ပေါ်ကျော်ကြားသူများကို တွေ့ဆုံမေးမြန်းခန်း၊ ထိုထိုသော အခမ်းအနားများတွင် တွေ့ဆုံမေးမြန်းကာ"ရင်ထဲကစကား" မကြာ မကြာ ဗျူးနေကြတာများကို မြင်တွေ့ကြားသိရတော့- "ပေါ့နော်" ကူးစက်မှု၊ "ကိုယ်တွေက"--- ကူးစက်မှုများကို တွင်တွင်ကျယ်ကျယ်ပြောလာကြတာကို အံ့သြစွာ တွေ့ကြုံလာရပေသည်။

၂၁ ရာစု တိုးတက်လာသည်မှာလည်း အံ့မခန်း၊ ပြောင်းလဲလာသည်မှာ လည်း အံ့မခန်း၊ ကူးစက်မှုတို့သည်လည်း အံ့မခန်းပါပေ။ သို့သော်လည်း ကိုယ့် နိုင်ငံထဲမှာပဲ "ကိုယ်တွေက---ပေါ့နော်ဇေးရှင်း"များ ကူးစက်နေသည်က အန္တရာယ်မဟုတ်ပေမယ့် အခြား "ဇေးရှင်း"များကို ကျွဲကူးရေပါ ပိုပိုပြီးလုပ်လာ မှာကိုတော့ စိုးကြောက်မိပါသည်။

ရေဒီယို FM လိုင်းများ တိုးချဲ့ထုတ်လွှင့်လာသည်မှာလည်း အားရကျေနပ် ဖွယ်ရာ တိုးတက်မှုတစ်ခုဟုဆိုနိုင်ပါသည်။ သတင်းအချက်အလက်များရုံမက၊ တင်ဆက်မှုအပိုင်း၊ ဗဟုသုတပိုင်းတို့တွင် အပြိုင်အဆိုင် ကြိုးစားတင်ဆက်လာ ကြပါသည်။ မြန်မာ့အသံရေဒီယိုလိုင်းမှ ပျောက်ကွယ်သွားကြသော ခေတ် ဟောင်း၊ ကာလပေါ်တေး၊ နှစ် ၂၀ တေးများသည် မြန်မာလူမျိုးတို့နှင့် အကျွမ်း တဝင်ရှိခဲ့ရာ တေးအလှများဖြစ်၍ လူထုအလယ်တွင် FMရေဒီယိုများ၏ ပျံ့နှံ့မှုသွက်လက်ရုံမက ထိရောက်မှုများပါရှိလာသည်ကို တွေ့ရပါသည်။ နံနက်ခင်းလမ်းလျှောက်ချိန်နှင့် ညပိုင်းစုဝေးစကားပြောချိန်များတွင် ဟိုး အဝေးကြီးများမှ လေလှိုင်းမျိုးစုံနားထောင်ရသော မြို့လေးများတွင် သတင်း အမှန်ဟု သတ်မှတ်ထားသော ဓလေ့မြို့ကြီးများတွင် စတိုင်သဖွယ် နားထောင် သော လေလှိုင်းသံတို့ကိုပင် FM က ဖုံးလွှမ်းစပြုလာနေပါပြီ။

လူငယ်လူရွယ်များ အလုပ်အကိုင်များရရှိရေးကိုလည်း တစ်ဖက်တစ်လမ်း က များစွာပံ့ပိုးပေးနိုင်ကြောင်းကိုပါ တွေ့ရသည်။ သို့သော် presenterအစီ အစဉ်တင်ဆက်သူများ၊ announcer ကြေညာသူများဘက်ကလည်း အစစ အရာရာ မြန်မာ့ဓလေ့ဟန်ပန် မြန်မာဆန်သော အသုံးအနှုန်းများတော့ ပျောက်၍မဖြစ်ပါ။ "ပရိသတ်များရှင်"ဟူသော အသုံးအနှုန်းထက် နားသော တဆင်နေသော"သောတရှင်ပရိသတ်များ"က ပိုမှန်ပါလိမ့်မည်။ အမေး အဖြေကဏ္ဍများနှင့် အခြားတိုးချဲ့ထုတ်လွှင့်လာသော ကဏ္ဍများသည်လည်း မိမိတို့၏ အခြေခံမူကိုဖြင့် ဖျောက်ဖျက်ရန်မသင့်သလို မြန်မာတစ်ဦး၏ မြန်မာအသံ ပီပီသသထွက်ဖြစ်ရန် အရေးတို့သည်လည်း အရေးပါလာပါ သည်။ "တစ်မူကွဲချင်လို့" တီထွင်ရင်းက မူရင်းပျောက်၍ နားထောင်နေကြ သော အရွယ်စုံလူထုအတွင်း အမှန်မရောက် အမှားရောက်ကာ ပျံ့နှံ့သွားနိုင် မှာဖြစ်၍ စိုးရိမ်ဖွယ်ဖြစ်ပါသည်။

လိုအပ်သည်များကို ကြိုတင်လေ့လာထားခြင်း၊ လေ့ကျင့်ထားခြင်းများ သာမက မြန်မာစကားလုံးများ မြန်မာသံပီပီသသကွဲပြားစွာ အသံထွက် တတ်ဖို့လည်းလိုအပ်ပါသည်။ လျှာမထိ အာမထိနှင့် နိုင်ငံခြားသူတစ်ဦး မြန်မာစကားပြောတတ်ကာစကဲ့သို့ အသံထွက်မျိုးများကို ပြောမည့်ဆိုမည့်သူ မရှိသည့်အလား တွင်တွင်ကျယ်ကျယ် သုံးလာနေတတ်သည်။

"အမှားသိလျှင်ပြင်" ရန် လိုအပ်လှပါသည်။ယခုဆောင်းပါးကို "ပေါ့နော် ဇေးရှင်း"ဟု ပေးရသည်ကလည်း ထိုထိုသောအမှား"များ"လာပြီး ပို၍ကူးစက် လာကာ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေမှုများကို သတိပေးလို၍ ဖြစ်ပါသည်။ "ဟုတ်ကဲ့ပါ"ဟူသော အပြောအဆိုများကိုလည်း နေ့စဉ် ရေဒီယိုလိုင်းများက ကြားရသည်များလာ၍ တိုက်တွန်းနှိုးဆော်ရခြင်းလည်းဖြစ်ပါသည်။

သတိကလည်းမမူပါက ဂူလည်းမမြင်နိုင်ပါ။ လူလည်းမမြင်နိုင်ရုံမက၊ ဘာမျှပင်သိလိုက်မည် မဟုတ်ပါ။ နေရာတိုင်းတွင် "စံ" ဟူသည်တော့ရှိ သည်ချည်းဖြစ်ပါသည်။ အများသူငှာပြည်သူအတွင်း အသိပညာဗဟုသုတ၊ ပညာပေး၊ ဖျော်ဖြေရေးစသော သုတစုံလင်ပေးနေရင်းဖြင့် နိုင်ငံတော်၏ တာဝန်ကို အချိန်ပိုင်းထမ်းနေကြသော အစီအစဉ်ကြေညာသူများ၊ တင်ဆက် သူများ၏"သတိမမူ" ဖြစ်ပုံများကို တစေ့တစောင်း စေတနာဖြင့်တင်ပြမိခြင်း ဖြစ်ပါသည်။

အစွမ်းထက်သောမီဒီယာကို ကောင်းစွာအသုံးချခြင်းဖြင့် နိုင်ငံတော် အတွက် တစ်ထောင့်တစ်နေရာရာက ပါဝင်ဆောင်ရွက်ပေးခြင်းလည်း မည်ပါသည်။ ။

## မိုးရွာသွန်းမှုများခဲ့သောကြောင့် ရေလွှမ်းမှုများ ဖြစ်ပွား

**တာချီလိတ် ဇူလိုင် ၃၁**

ဇူလိုင် ၂၉ရက် ညပိုင်းနှင့်ဇူလိုင် ၃၀ရက် အရုဏ်တက်ချိန် အထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အား နယ်ခြားမျဉ်းအဖြစ် ဖြတ်သန်းစီးဆင်း လျက်ရှိသော တာချီလိတ်မြို့ရှိ မယ်ဆိုင်ချောင်းရေ မြင့်တက် လာမှုနှင့်အတူ မြို့တွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့် ယွန်းချောင်း၊ ဆန်ဆိုင်းချောင်းနှင့် မယ်ခေါင်ချောင်းများ အတွင်း တောင်ကျရေများ စီးဆင်းလာမှုတို့ကြောင့် တာချီ လိတ်မြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် တာလော့၊ ဝမ် ကောင်း၊ မကာဟိုခမ်း၊ မယ်ခေါင်ရပ်ကွက်များနှင့် ပါလျံ ကျေးရွာတို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။ **(ယာပုံ)**

"တောင်ပေါ်မှာ မိုးရွာရင် တောင်ကျရေတွေ စီးဆင်းလာ ပြီး ရေကြီးတတ်တာကတော့ ဖြစ်ရိုးဖြစ်စဉ်လို့ ပြောရမှာပါ။ အထူးသဖြင့် ဩဂုတ်လနဲ့ စက်တင်ဘာလအတွင်း ရေလွှမ်းမိုး မှုတွေ ဖြစ်တတ်ပါတယ်။ သုံးနှစ်မှာတစ်ကြိမ် ထူးထူးခြားခြား ရေကြီးတတ်ပါတယ်။ ၂၀၀၄ ခုနှစ်ကဆိုရင် ကားတွေ၊ တိရစ္ဆာန်တွေတောင် ရေထဲမျောပါတဲ့အထိ ဖြစ်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ငယ်ငယ်က မယ်ဆိုင် ချောင်းက တော်တော်ကျယ်ပါတယ်။ ပေ ၁၈၀လောက် ရှိမယ်ဗျ။ အခုတော့ တိုးတိုးပြီး အိမ်တွေဆောက်လာကြတာ ခုမြင်တဲ့အတိုင်းပါပဲ။ ပေ ၃၀လောက် ပဲ ရှိတော့တယ်။ ဒီတော့ချောင်းရေလျှံမှုတွေ ဖြစ်လာတာပါပဲ"ဟု ဒေသခံ တစ်ဦးက ပြောပြသည်။

အဆိုပါ ရေလွှမ်းမိုးမှုခံရသော နေရာများကို တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းထိုက်ရွှေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြည့်ရှုကာ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

"ဇူလိုင် ၂၉ရက် ညပိုင်းနဲ့ ၃၀ ရက် နံနက်ပိုင်းမှာ ရွာသွန်းခဲ့တဲ့ မိုးရေချိန်က ၄ ဒသမ ၁၅ လက်မရှိပါတယ်။ မိုးရွာသွန်းမှုကြောင့် မယ်ဆိုင်ချောင်းရေဟာ ယနေ့နံနက် ၈နာရီအချိန်တိုင်းထွာချက်အရ ၃၁၆ စင်တီမီတာ ရှိပါတယ်။ တာချီလိတ်မြို့ရဲ့ စိုးရိမ်ရေမှတ်က ၄၆၀ စင်တီမီတာဖြစ်တဲ့အတွက် စိုးရိမ် စရာမရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့တာဝန်ရှိသူတွေအနေနဲ့ ပြည်သူ



တွေအတွက် လိုအပ်ရင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် အသင့်အနေအထားနဲ့ စီမံထားပါတယ်။ ယနေ့ မွန်းလွဲ ၁ နာရီ တိုင်းထွာချက်အရ ချောင်းရေအမြင့်ဟာ ၃၀၉ စင်တီမီတာ အထိကျဆင်းသွားပြီမို့ စိုးရိမ်စရာလုံးဝမရှိတော့ပါဘူး။ ရေကြီးမှုကြောင့် လူနဲ့တိရစ္ဆာန်တွေ၊ အဆောက် အအုံတွေ ထိခိုက်ပျက်စီးတာမရှိပါဘူး"ဟု တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးက မြန်မာ့အလင်း သို့ ရှင်းလင်းပြောကြားသည်။

**မောင်ယဉ်ကျေး**







### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြဇင်အောင်(ဘ)ဦးကျော် စိန် ၁၂/စခန(နိုင်)၀၀၈၃၅၅ ၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၃၆၂၈၆



လွှတ်တော်ရေးရာကဏ္ဍ

◆ **ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ**

ဗြိတိန်နိုင်ငံအောက်လွှတ်တော် ဥက္ကဋ္ဌ H.E. Mr. John Bercow နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က မြန်မာနိုင်ငံ၌ လွှတ်လပ်ရေးကြိုးပမ်းမှုကာလမှစတင်ပြီး ၁၉၆၂ ခုနှစ် မတိုင်မီအထိ ပါတီစုံပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အကြား နှစ်ပေါင်း (၅၀)ခန့်သည် ပါတီစုံပါလီမန်စနစ်နှင့် ကင်းကွာခဲ့သည့် ကာလဖြစ်သည့်အတွက် မိမိအနေဖြင့် လွှတ်တော်အတွေ့အကြုံ လုံးဝမရှိခဲ့ပါကြောင်း၊ လွှတ်တော်အတွေ့အကြုံမရှိဘဲ ပြည်ထောင်စုလွှတ်တော်သစ်ကို အုတ်မြစ်ချရသည့်တာဝန်သည် အလွန်ကြီးမားခက်ခဲပါကြောင်း၊ နောင်လာနောက်သားတို့ အတုယူစံပြုစရာဖြစ်အောင် ကြိုးစားရမည့် တာဝန်ကြီးသည် မိမိတို့ပခုံးပေါ်သို့ ရုတ်ခြည်းကျရောက်လာခဲ့ပါကြောင်း။

ကိုယ်တွေ့မရှိခြင်းကြောင့် စာတွေ့သာအားပြုရပါတော့ကြောင်း၊ မြန်မာနိုင်ငံ၌ကျင်းပခဲ့သော ပါလီမန်မှတ်တမ်းအားလုံး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါလီမန်၊ လူမျိုးစုလွှတ်တော်က ၁၉၅၃ ခုနှစ်၌ ထုတ်ဝေသည့် အမတ်များ၏လက်စွဲ၊ ပြည်ပနိုင်ငံများ၏ ပါလီမန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖတ်ရှုလေ့လာခဲ့ဖူးခြင်းကြောင့်လည်း ဥပဒေ၊ နည်းဥပဒေများ၌မပါသော ပါလီမန်၏ ဓလေ့ထုံးတမ်းများကို သိရှိထားပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကို အမှားအယွင်းမရှိ ဦးဆောင်နိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အထပ်ထပ်အပြန်ပြန်ဖတ်ရှုခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို အလွတ်ကျက်မှတ်ခြင်းတို့ဖြင့် အားထုတ်ကြိုးပမ်းခဲ့ရပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ ပုံမှန်အစည်းအဝေး (၆)ကြိမ်၊ အထူးအစည်းအဝေး(၁)ကြိမ်တို့ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုလည်း သတ္တမပုံမှန်အစည်းအဝေးကို ကျင်းပဆဲဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေးကာလများအတွင်း ၂၀၁၁ ခုနှစ်တွင် ဥပဒေ (၁၅)ခု၊ ၂၀၁၂ ခုနှစ်တွင် ဥပဒေ (၂၄) ခု ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၁၃ ခုနှစ်တွင်လည်း ဥပဒေ(၁၉)ခု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ စုစုပေါင်း(၂) နှစ်ခွဲကာလအတွင်း ဥပဒေ (၅၈)ခုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ယင်းဥပဒေများတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်သွင်းသည့် ဥပဒေ (၄၉)ခုနှင့် လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသော ဥပဒေ (၉)ခု ဖြစ်ပါကြောင်း။

အခြားသောဆောင်ရွက်ချက်များအနေဖြင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် ပြည်ထောင်စုလွှတ်တော်သည် အာဆီယံပါလီမန်အမတ်များ ညီလာခံ(AIPA)၊ နိုင်ငံတကာပါလီမန်ဆိုင်ရာသမဂ္ဂ (IPU)၊ အာရှ-ဥရောပ ပါလီမန်များမိတ်ဖက်အစည်းအဝေး (ASEP)အဖွဲ့များသို့ ဝင်ရောက်နိုင်ခဲ့ပြီး (AIPA) နှင့်(ASEP) အစည်းအဝေးများသို့လည်း နာယကကိုယ်တိုင် ဦးဆောင်တက်ရောက်နိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ ဆက်သွယ်ဆက်ဆံနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများပါဝင်သည့် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU)ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ် ဥပဒေပြုရေးဆိုင်ရာအစည်းအဝေးများ၊ ဆွေးနွေးပွဲများကျင်းပနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အနာဂတ်လုပ်ငန်းများသည် ပိုမိုလေးနက်သော တာဝန်ကြီးများကို ထမ်းဆောင်ရန်ရှိကြောင်းနှင့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များနှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပြီး ဒီမိုကရေစီအောင်ပန်းကို ဆွတ်လှမ်းနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက လွှတ်တော်သို့ နှုတ်ခွန်းဆက် စကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲဖြစ်ပေါ်ရေးတွင် အထင်ရှားဆုံးနှင့်အထူးခြားဆုံးဖြစ်ပေါ်တိုးတက်မှုသည် နိုင်ငံတော်အတွင်း လွှတ်တော်များ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်များသည် ဒီမိုကရေစီ၏အထင်ကရ သင်္ကေတများဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်၊ အသက်သွေးကြောများဖြစ်သည်ဟု ပြောစမှတ်ပြုကြပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် ကာလအတော်ကြာ ဒီမိုကရေစီစနစ်ကျင့်သုံးမှု မပြုနိုင်ခြင်းမှာလည်း လွှတ်တော်များမရှိခဲ့ခြင်းကြောင့်ပင် ဖြစ်ပါကြောင်း၊ လွှတ်တော်များရှိခဲ့သောကာလတွင်လည်း လက်ညှိုးထောင်၊ ခေါင်းညိတ်မည့်ကာမတ္တမျှသာဖြစ်ပြီး လွှတ်တော်များသည် ပြည်သူများအား ကိုယ်စားမပြုနိုင်ခဲ့ကြောင်းကို သတိပြုရမည်ဖြစ်သကဲ့သို့ ယနေ့ လွှတ်တော်များသည် ပြည်သူများကို ကိုယ်စားပြုပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား၊ ပြည်သူများ၏လိုအပ်ချက်များကို သိရှိခံစားပြီး ပြည်သူများအတွက် အမှန်တကယ် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံအကျိုးစီးပွားအတွက် တစ်ပါတည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သတ်မှတ်ပိုင်းခြားထားသော နယ်နိမိတ်၊ ထိုနယ်နိမိတ်အတွင်း နေထိုင်ကြသော ပြည်သူများ၊ ပြည်သူများ၏ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အစိုးရအဖွဲ့ဖြစ်သည့် လွှတ်တော်ဥပဒေပြုအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့များသည် နိုင်ငံတော်ပင်ဖြစ်၍ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော ပြည်သူများအကျိုးစီးပွားအတွက် ဆောင်ရွက်ရင်း နိုင်ငံတော်၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ခေတ်အဆက်ဆက်သော အစိုးရအဖွဲ့များသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရန်နှင့် နိုင်ငံသားအကျိုးစီးပွားဖြစ်ထွန်းရန် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း ရည်မှန်းချက်အတိုင်းဖြစ်မလာဘဲ နောက်ဆုံးအခြေအနေတွင် မိမိတို့နိမ့်ကျ၊ နောက်ကျနေရသည်ကို ဝမ်းနည်းစွာ တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယနေ့အစိုးရသစ်လက်ထက်တွင်လည်း မိမိတို့မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်နေပြန်ပြီဖြစ်ပါကြောင်း၊ ယခုအခါ အတိတ်ကဖြစ်ပွားခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များကိုသင်ခန်းစာယူပြီး နိုင်ငံတော်ငြိမ်းချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ရရှိရန် အမှန်တကယ်ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ယင်းကို မိမိတို့အစိုးရအဖွဲ့ဖြစ်သော ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များသည် သစ္စာရှိစွာ၊ တာဝန်ကျေစွာ ဆောင်ရွက်သွားကြရမည်ဟု တင်ပြချင်ပါကြောင်း၊ သစ္စာရှိသည်ဆိုရာတွင် ပြည်သူလူထုအပေါ်၊ အမှန်တရားအပေါ်သစ္စာရှိခြင်းဖြစ်ပြီး တာဝန်ကျေသည်ဆိုရာတွင် မိမိတို့တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့် ကိစ္စရပ်များကို တရားမျှတစွာ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရှိခဲ့ရခြင်းအပေါ် အပြစ်တင်ဝေဖန်ပြောဆိုမည့်အစား သင်ခန်းစာရယူပြီး အဓိကထား သုံးသပ်ကြရမည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့်ငြိမ်းချမ်းရေးတို့ကိုဆောင်ရွက်ရာတွင် ဘာတွေအားနည်းချက်ရှိသလဲ၊ ဘယ်လိုပြုပြင်မလဲဆိုသည်တို့ကို ဓမ္မဓိဋ္ဌာန်ကျကျလေ့လာသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လက်တွေ့ထိထိရောက်ရောက်ဆောင်ရွက်ရန် အချိန်ကျရောက်ပြီ၊ အချိန်တန်ပြီ၊ အခြေအနေကောင်းများလည်း ပေးနေပြီဖြစ်ပါကြောင်း၊ အရေး၊ အပြော၊ ဆောင်ပုဒ်၊ ကြွေးကြော်သံများထက် ရိုးသားမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ နားလည်စာနာမှု၊ စိတ်ရှည်မှု၊ သည်းခံခွင့်လွှတ်မှု၊ တရားမျှတမှုတို့ဖြင့်သာ ပြည်ထောင်စုစနစ်ဖြင့် မိမိတို့နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့တစ်တွေ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အမှန်တကယ်နားလည်ရန်၊ လက်ခံရန်၊ ကျင့်သုံးရန်လိုပါကြောင်း၊ အပြောင်းအလဲများကို ဤစနစ်အပေါ်ယုံကြည်မှု၊ ခံယူကျင့်သုံးမှုများဖြင့် အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးအဖွဲ့လွှတ်တော်၊ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားရေးအဖွဲ့အစည်းများသည် တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဆိုရာတွင် အဆက်အသွယ်မရှိ၊ အဆက်အစပ်မရှိ၊ သဟဇာတမရှိဆိုသော သဘောမျိုးဟုယူဆလျှင် လွဲမှားပါကြောင်း၊ တကယ်တွင် အစိုးရအတွင်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားရေးဟူသော အချုပ်အခြာအာဏာများကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးရသည်ဆိုသော်လည်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေသည်ဟူသော ဦးတည်ရည်မှန်းချက်များသည် တစ်ထပ်တည်းသာ ဖြစ်ပါကြောင်း။

ထို့ကြောင့် ဥပဒေပြုအဖွဲ့များက နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို ဖြစ်ထွန်းစေသော ဥပဒေများ၊ ကာကွယ်စေသော ဥပဒေများ ပြဋ္ဌာန်းပေးပါကြောင်း၊ ဤဥပဒေများသည် ပြည်သူလူထုအတွင်း အေးချမ်းသာယာမှုများရှိစေရန် အဓိကရည်ရွယ်ရမည်ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးအဖွဲ့နှင့် တရားရေးအဖွဲ့အစည်းများကလည်း ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မူလရည်ရွယ်ချက်အတိုင်း ဤဥပဒေများသည် နိုင်ငံသူ နိုင်ငံသားများအကျိုးအတွက် ဖြစ်စေရန် တရားနည်းလမ်းကျစွာ ဆောင်ရွက်ခြင်း၊ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံသားအားလုံးကလည်း ဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပါကြောင်း၊ ထိုမှသာ မိမိတို့နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိလာမည်ဖြစ်ပါကြောင်း။

မိမိတို့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များ၏ ဆောင်ရွက်မှုများကို ပြည်သူများနှင့် မီဒီယာများက စောင့်ကြည့်ကြပြီး အပြုသဘောဖြင့် ဝေဖန်အကြံပြုကြပါကြောင်း၊ ယင်းကို မိမိတို့က ကောင်းစွာလက်ခံပြီး ပြန်လည်ဝေဖန်သုံးသပ်ကာ ပို၍ကောင်းအောင် တာဝန်ကျေအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တွင် ပွင့်လင်းမှု၊ မြင်သာထင်သာရှိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိပြီး တရားမျှတစွာ နည်းလမ်းတကျ ဆောင်ရွက်မှုများနှင့် အားလုံးပါဝင်မှုရှိခြင်းသည် မဖြစ်မနေလိုအပ်မည်ဖြစ်ပါကြောင်း။

ကျန်ရှိနေသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်အတွင်းရောက်ရှိနေကြသော လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းမှုကို ရည်ရွယ်၍ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သောအယူဝါဒအစွဲများ မထားရှိကြဘဲ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်ကြရန်၊ အချုပ်အခြာအာဏာပိုင်အစိုးရဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များသည် နိုင်ငံတော်နှင့်ပြည်သူလူထု အကျိုးစီးပွားအတွက် မိမိတို့တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်ကောင်းစေတနာမှန်များဖြင့် သဟဇာတဖြစ်၍ ညီညွတ်မျှတမှုရှိစေရန်၊ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဆောင်ရွက်သွားမည်ဟု ယုံကြည်မျှော်လင့်ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ(က) နှင့်အညီ ပြည်ထောင်စုလွှတ်တော် နာယကတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်ခဲ့သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ပြည်ထောင်စုလွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းငြိမ်းချမ်းရေး၊တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ရေးတို့နှင့်စပ်လျဉ်းသည့်ပြည်ထောင်စုလွှတ်တော်၏ သဘောထားထုတ်ပြန်ချက် (၁/၂၀၁၃)ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နာယက တာဝန်လွှဲပြောင်းမှုနှင့်ပတ်သက်၍ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ၎င်း၏အမြင်ကို ပြောကြားရာ၌ လပေါင်း ၃၀ သက်တမ်းအတွင်းမှာ အများကြီးလုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ မျှော်လင့်တာထက် ပိုတိုးတက်ခဲ့ပါတယ်။ အစိုးရဘက်ကလည်း တိုးတက်မှုရှိအောင် လုပ်ပေးခဲ့ပါတယ်။ လွှတ်တော်ဘက်ကလည်း ဥပဒေပြုတာ၊ အပြန် အလှန်ထိန်းကျောင်းတာတွေ လုပ်နိုင်ခဲ့ပါတယ်။ ဘာပဲပြောပြော တိုးတက်မှုတွေများတယ်လို့ ပြောရပါမယ်။ ကျွန်တော့်အနေနဲ့ အခုနာယကအပြောင်းအလဲနဲ့ ပတ်သက်လို့ သိပ်ကွာခြားမယ်လို့ မထင်ပါဘူး။ အခုလိုလွှဲပြောင်းတာကလည်း လုပ်ထုံးလုပ်နည်းအရ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှဲပြောင်းပေးတာသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ပြောရရင် နာယကကြီး နှစ်ယောက်စလုံးအရည်အချင်းရှိတဲ့သူတွေဖြစ်တယ်လို့ မြင်ပါတယ်။

ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌ ကျွန်တော်တို့လွှတ်တော်ကို လာရောက်လေ့လာတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီနည်းလမ်းတကျလုပ်ငန်းများဆောင်ရွက်နေပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ ကျင့်သုံးတဲ့ လွှတ်တော်ပုံစံမျိုး ဆောင်ရွက်နေတာကို သူတို့ မြင်သွားမှာပါ။ အဲဒီလို စနစ်ကျတဲ့အတွက် ယုံကြည်မှုတွေရှိလာနိုင်ပါတယ်။ ကျွန်တော်တို့ကို လက်တွဲခေါ်ယူမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာမယ်လို့ မြင်ပါတယ်ဟု ပြောပြခဲ့သည်။

ထို့အတူ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က ၎င်း၏ အမြင်ကိုပြောကြားရာတွင် ဒီလိုနာယက အပြောင်းအလဲကြောင့် လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ လုပ်ပုံကိုင်ပုံတွေ ကွဲပြားခြားနားတာတွေနဲ့ လွှတ်တော်ရဲ့ အခင်းအကျင်းကတော့ နည်းနည်းလောက် မြန်ဆန်သွက်လက်တာ၊ နေ့ကွေးတာ ရှိလာနိုင်မယ်လို့ ထင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေပြောနေကြတဲ့ အပြောင်းအလဲကို ဘယ်နာယကက ပိုပြီးတော့ သွက်သွက်လက်လက်လုပ်နိုင်တယ်ဆိုတာကို ဆက်လက်စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်ဟု ပြောပြသည်။

(သတင်းစဉ်)

# လွှတ်တော်မှာ ဥပဒေတွေပြင်ဆင်ပြီး ပြောင်းလဲလာတယ်ဆိုပေမယ့် အောက်ခြေမှာ ပြောင်းလဲမှု အားနည်းနေသေး

အမေး/အရေး-မြတ်မွန်ထွေး

ဓာတ်ပုံ-ရွှေကိုကိုလေး

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့သည် လွှတ်တော်သက်တမ်း နှစ်နှစ်ခွဲကာလ လွှတ်တော်စတင်သည့်နေ့မှ လပေါင်း (၃၀) ပြည့်မြောက်သော နေ့ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်နာယက နေရာအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှဲပြောင်း လက်ခံလိုက်သော နေ့ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၇၄) အရ ဖွဲ့စည်းခဲ့သော လွှတ်တော်သုံးရပ်သည် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှစကာ နာယကက ခေါ်ယူခြင်းဖြင့် ဥပဒေပြုရေးကဏ္ဍသစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ လွှတ်တော်သက်တမ်းကာလ နှစ်နှစ်ခွဲအတွင်း ဥပဒေပေါင်း (၅၈) ခုပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းဥပဒေများတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်သွင်းသည့် ဥပဒေ (၄၉)ခုပါရှိပြီး လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကိုးခုရှိခဲ့ကြောင်း သိရသည်။ ဒီမိုကရေစီနိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍသုံးခုတွင် လွှတ်တော်က ဥပဒေပြုရေးအခန်းကဏ္ဍအား တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

ပထမအကြိမ် လွှတ်တော်သက်တမ်း ပထမထက်ဝက်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့မှုများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်အချို့၏ သုံးသပ်ချက်အမြင်များကို စုစည်းတင်ပြလိုက်ပါသည်-

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

အခုပြီးခဲ့တဲ့လ ၃၀ မှာ ဥပဒေပြုစုတာ၊ ပြင်ဆင်ပယ်ဖျက်တာတွေ တော်တော်များများ လုပ်နိုင်ခဲ့ပါတယ်။ အင်ဒိုနီးရှားနဲ့ နှိုင်းယှဉ်ရင် ဥပဒေပြဋ္ဌာန်းမှုကတော့ လိုသေးတာပေါ့။ ဒါပေမယ့် ဘာပဲပြောပြော လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ဥပဒေကြမ်းတင်လာတဲ့အတွေ့အကြုံရလာတယ်။ များလာတယ်လို့တော့ ပြောနိုင်ပါတယ်။



ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ဥပဒေတွေပြင်ဆင်မှု၊ ပြောင်းလဲမှု၊ ပြဋ္ဌာန်းနိုင်မှုတွေများခဲ့တဲ့အတွက် ကောင်းပါတယ်။ ဒါပေမယ့် လွှတ်တော်မှာ အားကျိုးမာန်တက် ဆောင်ရွက်သလောက် အောက်ခြေမှာ သိသိသာသာ ပြောင်းလဲမှုရှိစေချင်ပါတယ်။ လွှတ်တော်မှာ ဥပဒေတွေ ပြင်ဆင်ပြီး ပြောင်းလဲလာတယ် ဆိုပေမယ့် အောက်ခြေမှာ ပြောင်းလဲမှုအားနည်းနေသေးတယ်လို့ ကျွန်မမြင်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ကျွန်တော်တို့ရဲ့အဓိက တာဝန်က ဥပဒေပြုရေးတာဝန်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားချက်အရ ဥပဒေကြမ်းကော်မတီဆိုပြီး သီးသန့်ဖွဲ့တယ်။ ကိစ္စတစ်ရပ်နဲ့ ပတ်သက်ပြီးလေ့လာရန် လိုအပ်တဲ့

စာမျက်နှာ ၉ ကော်လံ ၂

ပြည်တွင်းသတင်း

# ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူများအတွက် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ် ငြိမ်းချမ်းရေးမရရှိပါက ဒီမိုကရေစီ၏အနှစ်သာရလည်း ပြည့်ဝမည်မဟုတ်

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တအောင်(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော်အဖွဲ့ (TNLA) မှ အထွေထွေအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိ တားအုန်းကျော်နှင့် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးအဆင့်ရှိ တားခူးလန်တို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် မူဆယ်မြို့ ရွှေလီရိပ်သာ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော်သမ္မတကြီး အပါအဝင် မိမိတို့အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးကို တန်ဖိုးထားချစ်မြတ်နိုးသည့်အတွက် ယခုလိုလာရောက်ဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ တအောင်(ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိသည့်အထိ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူများအတွက် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေး မရရှိပါက ဒီမိုကရေစီ၏ အနှစ်သာရလည်း ပြည့်ဝမှာမဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို နေရာဒေသမရွေး သွားရောက်ကာ ရောက်ရှိသည့်ဒေသသည် မိမိတို့၏ ဆွေမျိုးရင်းချာ ညီနောင်သားချင်းများနေရပ်ကဲ့သို့မှတ်ယူ၍ သာတူညီမျှစိတ်ထားဖြင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူတို့က ဒေသခံတိုင်းရင်းသားပြည်သူများ၏လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တအောင်(ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော်အဖွဲ့ (TNLA) မှ အထွေထွေအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိ တားအုန်းကျော်က အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နှစ်ဖက်ကိုယ်စားလှယ်များသည် နယ်မြေဒေသ လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအပါအဝင် ဒေသတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကာ ညနေပိုင်းတွင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေး အထိမ်းအမှတ် ခေါင်းလောင်းကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ဆောင်ပစ္စည်းများကိုလည်းကောင်း တအောင်(ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော်အဖွဲ့များထံ ရင်းနှီးခင်မင်စွာ ပေးအပ်သည်။

ယနေ့ ဆွေးနွေးပွဲကို နှစ်ဖက်ကိုယ်စားလှယ်များက အောင်မြင်သောတွေ့ဆုံဆွေးနွေးပွဲအဖြစ် အသိအမှတ်ပြုကြပြီး နောက်တစ်ကြိမ်တွေ့ဆုံဆွေးနွေးရာ၌ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်အောင် ပြင်ဆင်ရန်နှင့် အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးဆွေးနွေးပွဲ ဆက်လက်ကျင်းပနိုင်ရန် သဘောတူညီမှုရရှိကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဦးအုန်းမြင့်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အောင်စိုးနှင့် အဖွဲ့ဝင်များ၊ တအောင်(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော်အဖွဲ့(TNLA) မှ အထွေထွေအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိ တားအုန်းကျော်နှင့် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးအဆင့်ရှိ တားခူးလန်တို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး KNU, SSPP/SSA, UWSA, NMSP နှင့် KIA တို့မှ လေ့လာသူကိုယ်စားလှယ်များနှင့် Myanmar Peace Center မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တအောင်(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော်အဖွဲ့ (TNLA) တို့ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းနေကြစဉ် ဒေသခံပလောင်တိုင်းရင်းသားပြည်သူများက ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်ရေးအတွက် ရွှေလီရိပ်သာအနီးတွင် ရိုးရာအိုးစည်အကများဖြင့် တစ်ခဲနက် ဆုတောင်းအားပေးကြသည်။

ယင်းသို့ ဆုတောင်းပေးသူများအနက် မူဆယ်မြို့ ဈေးရပ်ကွက်နေ ပလောင်တိုင်းရင်းသူ လွေးအိမိုအေးက "တအောင် (ပလောင်)အဖွဲ့နှင့် အစိုးရတို့အကြား ယခုလိုတွေ့ဆုံဆွေးနွေးနိုင်တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ နှစ်ဖက်အဆင်ပြေပြီး ဒေသဖွံ့ဖြိုးရေးအတွက် လက်တွဲဆောင်ရွက်နိုင်ရင် ပိုပြီးတော့ဝမ်းသာရမှာပါ။ ကျွန်မတို့ ပြည်သူတွေအနေနဲ့ကတော့ အေးအေးချမ်းချမ်းနဲ့ ရှာဖွေလုပ်ကိုင်ချင်ပါတယ်။ ကျွန်မတို့ဒေသထဲမှာ မငြိမ်းချမ်းသေးတဲ့ နေရာဒေသတွေမှာ အများကြီးဒုက္ခရောက်ကြပါတယ်။ ဒါတွေကို အမြန်ဆုံး ကောင်းမွန်စေချင်ပါတယ်။ ပလောင်အမျိုးသားတွေရဲ့ ဘဝတွေကိုလည်း အခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရအပိုင်းက အလေးအနက်ထား ပံ့ပိုးပေးစေချင်ပါတယ်။ အခုဆွေးနွေးပွဲကနေတစ်ဆင့် အများရဲ့ဆန္ဒဖြစ်တဲ့ ငြိမ်းချမ်းရေးကို မြန်မြန်ရရှိအကောင်အထည်ဖော်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောကြားသည်။

အလားတူ နှစ်ဖက်ဆွေးနွေးပွဲသို့ လေ့လာသူအဖြစ် တတ်ရောက်လာသည့် မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်တလညီက "ဆွေးနွေးတာကောင်းပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကိုလုပ်တဲ့ အချိန်ကျရင် ဒီနေ့ဆွေးနွေးတဲ့ အပစ်အခတ်ရပ်စဲ





# အခြေခံကျသည့် စက်မှုကျွမ်းကျင်လုပ်သားများ တိုးမြှင့်မွေးထုတ်

**နေပြည်တော် ဇူလိုင် ၃၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီတွင် ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနခန်းမဆောင်၌ အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)၊ အမှတ်(၁၅) အကြီးစားစက်ရုံ (သာဂရ)နှင့် အမှတ်(၂၆) အကြီးစားစက်ရုံ (သာဂရ)တို့မှ စက်ရုံမှူးများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနနှင့် စက်မှုသင်တန်းကျောင်း(သာဂရ) တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ စက်ရုံ၊ ဌာန၊ ကျောင်းများအလိုက် သမိုင်းကြောင်း၊ ကုန်ထုတ်လုပ်မှု၊ သုတေသနပြု ဆောင်ရွက်နေမှုနှင့် စက်မှုကျွမ်းကျင် လုပ်သားများမွေးထုတ်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ စက်ရုံထုတ်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေး၊ ထုတ်ကုန်များ၏ အရည်အသွေး ကောင်းမွန်ရေးနှင့် သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ထုတ်လုပ်ရောင်းချနိုင်ရေး ကြိုးစားကြရမှာဖြစ်ကြောင်း၊ Production အပိုင်းသည် Demand နှင့် Market ပေါ်မူတည်နေသဖြင့် Marketing အပိုင်းကိုလည်း ကျွမ်းကျင်နေကြရမှာဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမှာဖြစ်ကြောင်း၊ စက်မှုကဏ္ဍ တိုးတက်ရေး၌ အထူးလိုအပ်ပြီး အခြေခံကျသည့် စက်မှုကျွမ်းကျင်လုပ်သားများကို တိုးမြှင့်မွေးထုတ်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁၄)အကြီးစားစက်ရုံ၌ ဒီဇယ်အင်ဂျင်များ ထုတ်လုပ်နေမှုများ၊ အကြီးစားဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံစီမံကိန်းအဆောက်အအုံများနှင့် စက်ယန္တရားများ တပ်ဆင်ပြီးစီးမှုများ၊ အမှတ်(၁၅) အကြီးစားစက်ရုံ၌ မြေထိုးစက်၊ မြေတူးစက်၊ အသေးစားမြေတူးစက်၊ သယ်ပို့ဝန်ချီစက်နှင့် တုန်ခါလမ်းကြိတ်စက်များထုတ်လုပ်နေမှုများ **(အပေါ်ပုံ)**၊ အမှတ်(၂၆) အကြီးစားစက်ရုံ၌ Turbine နှင့် Generator များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းအကောင်အထည် ဖော်နေသည့် စက်မှုသင်တန်းကျောင်း (သာဂရ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြင်သစ်နိုင်ငံ၏ ကူညီမှုများသည် နှစ်နိုင်ငံခေါင်းဆောင်များ၏ လိုလားချက်နှင့် နှစ်နိုင်ငံပြည်သူများ၏ ရေရှည်ချစ်ကြည်ရင်းနှီးမှုအတွက် အကျိုးရှိစေမည်

**နေပြည်တော် ဇူလိုင် ၃၁**

ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့သည် ပြင်သစ်နိုင်ငံ နိုင်ငံခြား ကုန်သွယ်ရေးဝန်ကြီး H.E. Mrs. Nicole BRICQ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး ဆိုင်ရာကိစ္စရပ်များ၊ ကြွေးမြီဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ ပဲရစ်ကလပ်နှင့် ကြွေးမြီရှင်းလင်းရေး ကိစ္စများတွင် ပြင်သစ်နိုင်ငံ၏ ဦးဆောင်ကူညီမှုကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီက နိုင်ငံတော်သမ္မတကြီးနှင့် ပြင်သစ်သမ္မတတို့ တွေ့ဆုံစဉ် ပြင်သစ်နိုင်ငံသို့ မြန်မာနိုင်ငံက ပေးဆပ်ရန်ကျန်ရှိသည့် ကြွေးမြီများ ကိစ္စဖြေရှင်းပေးရန်၊ လျှော့ပေါ့ပေးရန် ပြောကြားခဲ့သည့်အပေါ် အကောင်းဆုံး အဖြေရှာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ပြင်သစ်နိုင်ငံ၏ ကူညီမှုများသည် နှစ်နိုင်ငံခေါင်းဆောင်များ၏ လိုလားချက်နှင့် နှစ်နိုင်ငံပြည်သူများ၏ ရေရှည်ချစ်ကြည်ရင်းနှီးမှုအတွက် အကျိုးရှိစေမည့် အကူအညီများဖြစ်ပါကြောင်း၊ ပြင်သစ်နိုင်ငံကုမ္ပဏီများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့်အချက်အလက်များကို နိုင်ငံတကာအခြေအနေများနှင့်ကိုက်ညီအောင်ပြင်ဆင်ရေးဆွဲပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကိစ္စများတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်မှု ရှိ-မရှိ၊ ဒေသခံလူထု၏ လူမှုဘဝမြှင့်တင်ရေး စသည့် EIA, SIA, CSR ကိစ္စရပ်တို့ကို အလေးထားဂရုပြု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမည့်သူများအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြင်သစ်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဝန်ကြီးက မိမိနှင့်အတူ ပြင်သစ်ကုမ္ပဏီ ၂၀ ခန့် လိုက်ပါလာပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလိုသည့် ကုမ္ပဏီများစွာရှိပါကြောင်း၊ လက်ရှိတွင်လည်း TOTAL ရေနံကုမ္ပဏီကဲ့သို့ ကုမ္ပဏီကြီးများလည်း လုပ်ကိုင်နေပါကြောင်း၊ ပြင်သစ်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များတွင် လိုအပ်သည့်အကူအညီများ ပေးစေလိုပါကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံသို့ GSP

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# ကင်းတားဆည် မကြုံစဖူးရေနည်း၍ စိုက်ပျိုးရေပေးရန် အခက်ကြုံ

**ကူမဲ ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ အရှေ့ဘက်ရှိ ကင်းတားဆည်မှာ ယခုနှစ်တွင် မကြုံစဖူးရေဝင်နည်းလျက်ရှိသည်။ ကင်းတားဆည်တည်ဆောက်ပြီး နှစ် ၂၀ ကျော်အတွင်း ယခုနှစ်တွင် ပထမဆုံးအကြိမ် ရေဝင်နည်းခြင်းဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုနည်းပါးသဖြင့် ကင်းတားဆည်ရေဝင် နည်းပါးခြင်းဖြစ်သည်။ ကင်းတားဆည်ရေဆင်း ဧရိယာအတွင်း မိုးခေါင်မှုကြောင့် ရေဝင်နည်းပါးကာ ယခုအခါ ရေသေမှတ် ၅၅၁ ပေရောက်လုနီးပါး လျော့နည်းကုန်ခန်းလျက်ရှိသောကြောင့် တောင်သူများ စိုက်ပျိုးရေ အခက်အခဲကြုံတွေ့နိုင်ဖွယ်ရှိနေသည်။ **(အောက်ပုံ)**

ကင်းတားဆည် ရေသိုလှောင်မှုနည်းပါးသည့်အတွက် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရန်နှင့်စိုက်ပျိုးရေကို ချွေတာသုံးစွဲနိုင်ရန် အနီးရှိ ချောင်း၊ မြောင်းများအတွင်းမှ ရေကိုအကျိုးရှိရှိသုံးစွဲနိုင်ရန် ရေစုပ်စက်များဖြင့် စုပ်ယူအသုံးပြုရန် ဆည်မြောင်း ဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။ စိုက်ပျိုးရေပေးဝေသည့်အချိန်တွင် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ရေကို စနစ်တကျချိန်ဆလွှတ်ပေးနေသည်။ ကင်းတားဆည်မှာ ပန်းလောင်မြစ်ကိုပိတ်၍ ၁၉၈၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကင်းတားဆည်မှာ မြစ်သားမြို့နယ်မှ မိုးစပါး ၆၁၄၂၃ ဧက၊ ဝမ်းတွင်းမြို့နယ်မှ ၂၈၃၈၅ ဧက၊ တံတားဦးမြို့နယ်မှ ဧက ၄၅၀၀ နှင့် ကျောက်ဆည်မြို့နယ်မှ ၁၆၀၈၇ ဧကများရှိ တောင်သူများအတွက် ကင်းတားလက်ဝဲမြောင်း၊ လက်ယာမြောင်းနှင့် ပန်းလောင်မြစ်ရေသောက်စနစ်ဖြင့် လယ် ၁၁၀၃၉၅ ဧကကို စိုက်ပျိုးရေပေးဝေနေသောဆည်ဖြစ်သည်။

(ဝ၁၂)





# ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဧက ၂၀၀၀ စိုက်ကွင်းများ၌ မိုးစပါးစိုက်ပျိုးမှုများအောင်မြင်

**နေပြည်တော် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ခပေါင်းဆည်ရေသောက် စက်မှုလယ်ယာမြေဧက ၂၀၀၀ စိုက်ကွင်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ဇူလိုင် ၃၀ ရက် နံနက် ၉နာရီတွင် သွားရောက်ရာ စိုက်ကွင်းအနီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် ဗဟိုသမဝါယမအသင်း C.B ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဧက ၂၀၀၀ စီမံကိန်းအနက် ဧက ၁၀၀၀ ကို အပြည့်အဝ ဆောင်ရွက်ပြီးစီးမှုနှင့် ယခုမိုးစပါးစိုက်ပျိုးချိန်၌ စက်မှုလယ်ယာကူးပြောင်းစိုက်ပျိုးပြီးစီးမှု၊ ကျန်ဧက ၁၀၀၀ ကို လာမည့်ပွင့်လင်းကာလတွင် စက်မှုလယ်ယာသို့ ရာနှုန်းပြည့်ပြီးစီးရေးအစီအမံများနှင့် လယ်ယာကုန်ထုတ်သမအသင်းများ ဖွဲ့စည်းထူထောင်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**အကောင်အထည်ဖော်**

ထို့နောက် နေပြည်တော်-ရန်ကုန် အမြန်ကားလမ်းမကြီးဘေး မိုင်တိုင် ၁၄၆အနီးရှိ ခပေါင်းဆည်ရေသောက် လယ်မြေများ၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်း ရေလွှဲဆည်တည်ဆောက်ပြီးစီးမှုနှင့် ဖြူးမြို့နယ် ညောင်ပင်သာရှိ ဖြူးချောင်းဆည်ရေသောက် ဘက်စုံသီးနှံ ဧက ၂၀၀၀စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးမိုးစပါး စိုက်ပျိုးပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ထားရှိပြီးဆည်တမံစီမံကိန်းများ ရာနှုန်းပြည့်ပြီးစီးရေး လျာထားချက်နှင့်အညီ အကောင်အထည်ဖော်ရာတွင် မူလလျာထားချက်အတိုင်း ဆည်ရေသောက် လယ်မြေဧကများအပြည့်အဝ စိုက်ပျိုးရေရရှိရေးအတွက် ရည်မှန်းချက် တိတိကျကျထားရှိရမည်ဖြစ်ကြောင်း။

ဖြူးချောင်း လက်ယာမြောင်းမ၏ ဆည်ရေသောက်ဧက ၁၀၀၀၀ ကို လာမည့်ပွင့်လင်းရာသီ၌ လယ်မြေများ ရေပေးဝေနိုင်ရေး ကြိုးပမ်းသွားရန်နှင့် စိုက်ပျိုးရေကို အထိရောက်ဆုံးအသုံးချသွားရန် စနစ်တကျစီမံခန့်ခွဲရေးလုပ်ငန်းစဉ်တစ်ခုလုံးခိုင်မာစွာ ပေါ်ထွန်းလာစေရေးအတွက် ရာသီအလိုက် စိုက်ပျိုးသီးနှံပုံစံကိုရွေးချယ်၍ စိုက်ပျိုးတတ်စေရေး တောင်သူများကို ထိထိရောက်ရောက်ပညာပေးပြသရမည်ဖြစ်ကြောင်း၊ မျိုးကောင်း မျိုးသန့် မျိုးစေ့များကို အသုံးပြုခြင်းနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များသည် စိုက်ပျိုးသီးနှံတစ်ဧကအထွက်ကိုသာမကသီးနှံ၏အရည်အသွေးပိုင်းကိုပါတိုးတက်စေသည့်အတွက်ဈေးကွက်တွင် ဈေးနှုန်းကောင်းကောင်းရသည်ကို လက်တွေ့စိုက်ပျိုးပြသရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခွန်ပညာပေး

**မုံရွာ ဇူလိုင် ၃၁**

နိုင်ငံသားတိုင်း ထမ်းဆောင်ကြရမည့်အခွန်များကို ကျောင်းသားထုတစ်ရပ်လုံးသိရှိစေရန်နှင့် ကျောင်းသားထုမှတစ်ဆင့် ပြည်သူများကြားကျယ်ပြန့်စွာသိမြင်လာစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှ ကြီးမှူးပြီး အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခွန်ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခွန်ပညာပေး ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်ပြီး မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူးက"မနှစ်တုန်းကလည်း အခွန်ပညာဟောပြောပွဲ နှစ်ကြိမ်လုပ်တယ်။ စာစီစာကုံး၊ ကာတွန်းပြိုင်ပွဲလုပ်ဖြစ်တယ်။ မနှစ်တုန်းက ကျောင်းသား ကျောင်းသူတွေက နားထောင်ရုံပဲ၊ အခုနှစ်ကျတော့ သူတို့တွေကအခွန်ကြောင်းကို နားလည်လာပြီး ပြန်လည်ဖြေကြားလာနိုင်တဲ့အထိ တိုးတက်မှုရှိလာတယ်။ အားရစရာကောင်းပါတယ်" စသည်ဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကိုရင်ကြီးဆည် ပြန်လည်ပြုပြင်

**မကွေး ဇူလိုင် ၃၁**

လယ်ယာကုန်ထုတ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဆည်တမံများ တည်ဆောက်ပေးလျက်ရှိရာ ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်သည် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနက ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်အတူ ပွင့်ဖြူမြို့နယ် ကိုရင်ကြီးဆည်ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ကြီးအုံကြီးဝရေလှောင်တမံအတွင်းသို့ ရေများဝင်ရောက်နေမှုအခြေအနေနှင့် ငဖဲမြို့နယ် ရင်းရှည်ကျေးရွာ ရင်းရှည်ဆည်အတွင်းသို့ ရေဝင်ရောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝရေလှောင်တမံ၏ အကျိုးပြုဧကမှာ ၉၆၇၇၇ ဧကဖြစ်ပြီး ငဖဲမြို့နယ် ရင်းရှည်ဆည်၏ အကျိုးပြုဧကမှာ ၅၀၀ ဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**


**အသက်ကယ်ဝတ်စုံ ဝတ်ဆင်ထားကြရန် နှိုးဆော်**

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်/ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်မှု ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်/ချောင်းများတွင် သွားလာနေသော ရေယာဉ်များလည်း ရေယာဉ်နစ်မြုပ်မှုကြုံတွေ့နိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) လုံလောက်စွာ ဆောင်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**



# မြန်မာနိုင်ငံအတွင်း သစ်တော့ကွင်းလုပ်ငန်းများလုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များ၏ အကြံဉာဏ်တောင်းခံခြင်း

မြန်မာ့သစ်တော့ကွင်းဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)အား နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲသော စီးပွားရေးမူဝါဒနှင့်အညီ ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖြည့်စွက်ချက်များအား ပြည်ထောင်စုသစ်တော့ကွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးဆောင်ဆောင်ရွက်နေပါ၍ မြန်မာနိုင်ငံ သစ်တော့လုပ်ငန်းရှင်များအသင်းချုပ်အား အကြံဉာဏ်တောင်းခံထားပါသဖြင့် အသင်းချုပ်အနေဖြင့် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်နေကြသော သစ်တော့နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်တို့၏ အကြံဉာဏ်များ စုစည်းရယူလိုပါသောကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ သစ်တော့လုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များ၊ ဆက်စပ်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို သစ်တော့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး၊ လုပ်ငန်းရှင်အကျိုးတို့ကို ရှေးရှုထည့်သွင်းစဉ်းစားပြီး ပြုစုပေးပို့ကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

သို့ပါ၍ အဆိုပါအကြံပြုချက်များအား ၁၀-၈-၂၀၁၃ရက် နောက်ဆုံးထားပြီး အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်**

**Website** - www.mfma.org.mm

**Email** - headoffice@mfma.org.mm

**Phone,Fax** - 01-508255

**လိပ်စာ - အမှတ် ၅၃၁၊ အခန်း ၈၀၅၊ ရဲတံခွန်တာဝါ၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**နောက်ဆုံးပေးပို့ရမည့်ရက် - ၁၀-၈-၂၀၁၃ရက် (တနင်္လာနေ့)**

**မြန်မာနိုင်ငံသစ်တော့လုပ်ငန်းရှင်များအသင်းချုပ်**
**ရန်ကုန်တိုင်းဒေသကြီး**

# ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ တရုတ်-အာဆီယံလူငယ်ယဉ်ကျေးမှုဖလှယ်ရေးပွဲတော်သို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၃၁**

တရုတ်-မြန်မာချစ်ကြည်ရေးအသင်း အစီအစဉ်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လူငယ်ယဉ်ကျေးမှု ဖလှယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ထက်ထက်ထွန်းနှင့် ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူရှစ်ဦးတို့သည် ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် တရုတ်-အာဆီယံ လူငယ်ယဉ်ကျေးမှုဖလှယ်ရေးပွဲတော်သို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဇူလိုင် ၃၁ ရက်တွင် ထွက်ခွာသွားကြသည်။

**လိုက်ပါ**

လူငယ်ယဉ်ကျေးမှု ဖလှယ်ရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဆရာမ ဒေါ်ထက်ထက်ထွန်းနှင့်အတူ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူရှစ်ဦးဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ညဏ်လင်းထွန်း၊ မန္တလေးတိုင်းဒေသကြီး CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်သန့်နေဆု၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စိုးထက်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မြတ်မင်းဟိန်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မမေဇင်မျိုးအောင်၊ မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မဆုမြတ်သူ၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်စန္ဒီလင်းနှင့် ရှမ်းပြည်နယ် အောင်ပန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မနှင်းဝတ်ရည်ကျော်တို့ လိုက်ပါသွားကြသည်။



**မမေဇင်မျိုးအောင်**
**အမှတ်(၁) အထက၊**
**ဘားအံမြို့နယ်၊ကရင်ပြည်နယ်**



**မဆုမြတ်သူ**
**အမှတ်(၁) အထက၊**
**မုဒုံမြို့နယ်၊မွန်ပြည်နယ်**



**မခိုင်စန္ဒီလင်း**
**အမှတ်(၄) အထက၊**
**စစ်တွေမြို့နယ်၊ရခိုင်ပြည်နယ်**



**မနှင်းဝတ်ရည်ကျော်**
**အမှတ်(၃)အထက၊**
**အောင်ပန်းမြို့နယ်၊ရှမ်းပြည်နယ်**

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ အဖွဲ့အား အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နေ့စားလပေး ဆရာ ဆရာမနှင့် ဝန်ထမ်းများခန့်အပ်တာဝန်ပေး

**နေပြည်တော် ဇူလိုင် ၃၁**

ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် သင်ယူနေကြသောကျောင်းသား ကျောင်းသူများ စိတ်ဓာတ်၊ စည်းကမ်းနှင့် သင်ယူတတ်မြောက်မှု အရည်အသွေးပိုမိုပြည့်ဝလာစေရေးအတွက် သင်ကြားသင်ယူမှုလုပ်ငန်းထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်း မြင့်မားလာစေရန် အစရှိသည့်ရည်ရွယ်ချက်များဖြင့် နေ့စားလပေးဆရာဆရာမများနှင့် ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးလျက်ရှိသည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၅ ရက်စွဲဖြင့် အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်၌ ၂၄၄၀၇ ဦး၊ အမှတ်(၂)အခြေခံပညာဦးစီးဌာနအောက်၌ ၂၅၅၇၁ ဦး၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနအောက်၌ ၂၇၈၃ ဦး စုစုပေါင်း ၅၂၇၆၁ တို့ကို ခန့်အပ်တာဝန်ပေးပြီးဖြစ်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ သွားရောက်၍ စုံစမ်းနိုင်ပြီး တာဝန်ပေးခန့်အပ်ခြင်းခံရသူများသည် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စတင်ပြီး တာဝန်ထမ်းဆောင်ရမည့်ကျောင်းတွင် အလုပ်ဝင်ရောက်ကြရမည်ဖြစ်သည်။

အဆိုပါခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူများကို ရက်ရှည်ကျောင်းပိတ်ရက်များတွင် ဆရာအတတ်ပညာသင်တန်းများတက်ရောက်နိုင်ရန် သင်တန်းများဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားများ နယ်စပ်စခန်းများမှ ပြည်တွင်းဝင်ရောက်နိုင်

**ကျိုင်းတုံ ဇူလိုင် ၃၁**

ကျိုင်းတုံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ဇူလိုင် ၃၀ရက် မွန်းလွဲ ၂နာရီက မြန်မာ-ထိုင်းနယ်စပ်စခန်းများမှ ဝင်/ထွက်ခွင့်ပြုခြင်းကိစ္စများအား ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ကျိုင်းတုံတွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးစိုင်းဘုန်းတင့်က နယ်စပ်စခန်းများမှ ဝင်/ထွက်ခွင့်ပြုခြင်းကိစ္စနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။ အခမ်းအနားသို့ ကျိုင်းတုံမြို့ရှိ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ နိုင်ငံခြားသားကြီးကြပ်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ မီဒီယာများတက်ရောက် ခဲ့ကြသည်။ အဆိုပါ ရှင်းလင်းပွဲတွင် ဩဂုတ်ပထမပတ်အတွင်း တာချီလိတ်မြို့ မြဝတီနှင့် ကော့သောင်း ဝင်/ထွက်စခန်းများတွင် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသော ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများကို ဝင်/ထွက်ခွင့်ပြုကြောင်း၊ မြန်မာ-ထိုင်းနယ်စပ်၊ တာချီလိတ်မြို့ချစ်ကြည်ရေးတံတား အမှတ်(၁)တွင် နိုင်ငံကူးလက်မှတ်ကို စက်ဖြင့်ဖတ်သောစနစ် MRTD တပ်ဆင်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ကျိုင်းတုံတွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးစိုင်းဘုန်းတင့်က ပြောသည်။ ဆက်လက်ပြီး နိုင်ငံခြားသားများ ဝင်/ထွက်သွားလာခြင်းနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၅-၁-၂၀၁၃ ရက်စွဲပါ ကြော်ငြာစာအမှတ်(၇၇/၂၀၁၃)အရ ထုတ်ပြန်ထားသော ကန့်သတ်နယ်မြေများနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များက လုံခြုံရေးအရ အခါအားလျော်စွာ တားမြစ်ထားသည့်နေရာများမှအပ ကျန်နယ်မြေများသို့ သွားလာခွင့်ပြုကြောင်း ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်းက ရှင်းလင်းပြောသည်။

ကျိုင်းတုံမြို့ ရွှေတြိဂံဇုန် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးစိုးရွှေက "ယခုထုတ်ပြန်ချက်ကြောင့် ခရီးသွားကုမ္ပဏီတွေအတွက် အာမခံချက်ရရှိသွားတာပေါ့။ ယခင်တုန်းကအကြောင်းကြောင်းကြောင့် ရုတ်တရက်ပိတ်ပစ်လိုက်တဲ့အခါ ခရီးစဉ်တွေပျက်သွားပြီး ခရီးသွားကုမ္ပဏီတွေမှာ နစ်နာရပါတယ်" ဟု ပြောကြားသည်။ ယခုလို မြန်မာ-ထိုင်းနယ်စပ်စခန်းများမှ ဝင်/ထွက်ခွင့်ပြုခြင်းကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကုန်သည်လုပ်ငန်းရှင်တစ်ဦးကလည်း "ကုန်စည်ရောင်းဝယ်မှုများ၊ သယ်ယူပို့ဆောင်မှုများ တိုးတက်လာပြီး ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါတယ်" ပြောကြားသည်။

**(ပြည်နယ် ပြန်/ဆက်)**


# ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမစက်မှုနယ်မြေ၊ ပုလဲလမ်းရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အတွက်၊ အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေနှင့်အညီ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၅၃၂၄/၂၀၁၃ အရ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။




**ကုန်အမှတ်တံဆိပ်**
**မှတ်ပုံတင်စာချုပ်အမှတ်**
**၅၃၂၄/၂၀၁၃**

အထက်ဖော်ပြပါ TRISTAR TYRE အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု မှတ်ပုံတင်သွင်းကြေညာသူ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသည် တာယာအရွယ်အစားအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် Tube, Flap နှင့် Precured Tread တို့ကို ထုတ်လုပ်ပြီး အဆိုပါပစ္စည်းများ ထုပ်ပိုးထည့်သွင်းရာတွင် အသုံးပြုသော ပလတ်စတစ်ပတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူပုံး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ အဆိုပါတာယာအရွယ်အစားအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများပေါ်တွင်လည်းကောင်း၊ ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို စနစ်တကျပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းသို့ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည့်အပြင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ)၏ လုပ်ငန်းအားလုံးတွင် မည်သည့်ပုံစံနှင့်မဆို အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့အပြင် အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ ငွေပြေစာဖြတ်ပိုင်း တံဆိပ်တုံး၊ Letter Head, Internet, Web Site အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှိုင်းမြင်း၍ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား ထပ်လောင်းထပ်ပွား လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် အကယ်၍ ပြုလုပ်အသုံးပြုပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ညွှန့်ညွှန့်ဝေ LL.B , D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၆၉)**
**အမှတ်-၈၀၃၊ ကန်သာလမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၃၁၀၆၀၈၄**

## ပြည်တွင်းသတင်း

# ဇူလိုင်လကုန်တွင် စားသုံးဆီဈေးနှုန်းများ သက်သာ

**ရန်ကုန် ဇူလိုင် ၃၁**

ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီသင်္ဘောမှ ဆိပ်ကမ်းသို့ အရည်အသွေးပြဿနာကြောင့် ဆီချနိုင်ခြင်းမရှိသည်ကို အကြောင်းပြု၍ ရန်ကုန်ဆီဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၄၀ ထိ ဈေးမြင့်တင်ခဲ့သော်လည်း စားအုန်းဆီသင်္ဘောများ ဆိုက်ကပ်ရန် သင်္ဘောများ ဆက်တိုက်ရှိနေသကဲ့သို့ ဇူလိုင်လကုန်ပိုင်း တစ်ပတ်အတွင်း ဆီသင်္ဘော သုံးစင်းဝင်ရောက်မှု၊ ပြည်ပမှဆီသွင်းကုမ္ပဏီ၏ ဇူလိုင် ၃၀ ရက်တွင် တစ်ပိဿာ ၁၄၉၅ ကျပ်ဖြင့် ကြိုတင်ရောင်းချမှုတို့ကြောင့် ဇူလိုင် ၃၀ ရက်တွင် လက်ငင်းဈေးနှုန်း တစ်ပိဿာ ၁၅၃၀ ကျပ်သာရှိပြီး ဆက်လက်၍ ကျဆင်းဦးမည်ဟု ဆီအဝယ်တော်တစ်ဦးက ဆိုသည်။

ပြည်ပ မလေးရှား FOB စားအုန်းဆီတစ်တန် ဈေးနှုန်း ၇၉၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၇၄ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ (အရင်းဈေး)ငွေကျပ် ၁၅၁၀ သာရှိကြောင်း သိရသည်။ ဇူလိုင် ၃၀ ရက်တွင် ပြည်ပမှ ဆီတင်သွင်းသော ကုမ္ပဏီမှ ဈေးကွက်တွင် ဩဂုတ်လဆန်း ၁၀ ရက်အတွင်းအထိ တစ်ပိဿာ ကြိုတင်ရောင်း ဈေး ၁၄၉၅ ကျပ်ဖြင့် ရောင်းချလာကြောင်း အဆိုပါ ကုမ္ပဏီမှ နေ့စဉ် ဆီဝယ်နေသူ တစ်ဦးက ဆိုသည်။

ဇူလိုင် ၂၉ ရက်က ရုတ်တရက် ဆီဈေးနှုန်းမြင့်တက်မှုကြောင့် ရန်ကုန်ဈေးကွက်အတွင်း လက်ငင်းဆီရှိနေသူများ၊ ပုံးဝါဆီရောင်းသူများ ဈေးနှုန်းအမြင့်ဖြင့် ရောင်းအားကောင်းခဲ့သည်ဟု သိရသည်။

ဆီလောကတွင် အကြောင်းအရာတစ်ရပ်အကြောင်းပြု၍ လက်ငင်းဆီလက်ဝယ်ရှိသူများ ဈေးနှုန်းမြင့်တင်မှုများရှိတတ်ရာ ဆီဝယ်သူများအနေဖြင့် ပုံမှန်တက်ဈေးဖြစ်နိုင် မဖြစ်နိုင် ချင့်ချိန်ဝယ်ယူနေရကြောင်း၊ မဟာစင်မုန်တိုင်း၊ ဒေါ်လာဈေး အပြောင်းအလဲ များချိန်တွင်လည်း ဆီဈေးနှုန်းများမြင့်တက်ပြီးမှ ပြန်လည်ကျဆင်းမှုများကြောင့် ဈေးအမြင့်ဖြင့် ဝယ်ထားသူများ ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရလေ့ရှိသည်ဟု အဝယ်တော်များနှင့် နယ်မှ မှာယူသူများက ဆိုသည်။

လက်ကားဈေးအပြောင်းအလဲဖြစ်ချိန်တွင် လက်လီဈေးကွက်တွင် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၇၀၀ ထိရှိသည်ဟု လမ်းမတော်မြို့နယ်တွင် အကြော် လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုရာ လက်လီလက်ကား ဈေးနှုန်း တစ်ပိဿာငွေကျပ် ၁၅၀ ထိကွာခြားမှုရှိကြောင်း၊ ယခုနှစ်ဇူလိုင် ၃၀ ရက်တွင် စားအုန်းဆီတစ်ပိဿာ ငွေကျပ်၁၅၃၀၊ မြေပဲဆီတစ်ပိဿာ ငွေကျပ် ၃၉၀၀ သာရှိရာ ယခင်နှစ် ၂၀၁၂ ခုနှစ် ဇူလိုင် ၃၀ ရက် စားအုန်းဆီတစ်ပိဿာ ၁၇၅၂ ကျပ်၊ မြေပဲဆီ တစ်ပိဿာ ငွေကျပ် ၄၇၀၀ နှုန်းဖြင့် နှိုင်းယှဉ်ပါက ယခုနှစ် ဇူလိုင်လကုန်တွင် စားသုံးဆီဈေးနှုန်းများ သက်သာနေသည်ဟု သိရသည်။

**ခင်ဆိုင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၃၁-၇-၂၀၁၃

### ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ၁၆ ပဲရည်(အခေါက်ရွှေ) | တစ်ကျပ်သား | ၆၉၈၅၀၀ |
| ၁၅ ပဲရည် | တစ်ကျပ်သား | ၆၅၄၇၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀ - ၉၈၀ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၈၄ - ၁၃၀၂ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၂ - ၇၆၀ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၂ - ၃၂. ၅ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆ - ၁၆. ၅ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၃ - ၁၅၇ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈ - ၃၀၃ | ကျပ် |

### စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ | ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ | ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၄၀ | ကျပ် |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ငါးကြင်း | တစ်ပိဿာ | ၄၀၀၀ - ၇၀၀၀ | ကျပ် |
| ၂။ငါးမြစ်ချင်း | တစ်ပိဿာ | ၁၈၀၀ - ၃၅၀၀ | ကျပ် |
| ၃။ငါးရံ့ | တစ်ပိဿာ | ၃၇၀၀ - ၆၈၀၀ | ကျပ် |
| ၄။ငါးဖယ် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၃၅၀၀ - ၈၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၆၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၂၀၀၀ - ၂၁၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၄၅၀၀ - ၁၂၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၄၅၀၀ - ၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၀၀၀ - ၇၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၁၀၀၀ - ၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၈၃၀၀ |
| ၂။ | ပေါ်ကွဲ | တစ်အိတ် | ၂၂၀၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၄၀၀၀-၂၉၅၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၃၅ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၄၉၀-၅၇၀ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅၀-၁၇၇၅ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၀၀-၁၀၂၅ |
| ၉။ | အာလူး(အောင်ပန်း) | တစ်ပိဿာ | ၃၀၀-၅၈၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၂၁၀၀ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၄၀၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၉၃၀-၁၀၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

**အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

### မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းသို့ အကြွေးပေးဆပ်ပြီးသည့် လုပ်ငန်းရှင်များ ကြေညာခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းသို့ အကြွေးများပေးဆပ်ရန် ကျန်ရှိသော လုပ်ငန်းရှင် ၄၃ ဦးအား ၁၇-၇-၂၀၁၃ ရက်တွင်လည်းကောင်း၊ လုပ်ငန်းရှင် ၂၂ ဦးအား ၂၇-၇-၂၀၁၃ ရက်တွင်လည်းကောင်း၊ Legal Notice များ ထုတ်ပေးခဲ့ကြောင်း ကြေညာခဲ့ပါသည်။

၂။ ၎င်းကြေညာခဲ့သည့် လုပ်ငန်းရှင်များအနက်မှ အောက်ပါလုပ်ငန်းရှင်နှစ်ဦးမှာ ဌာနသို့ ပေးသွင်းရန်ကျန်သော အကြွေးများအားလုံး ၂၃-၇-၂၀၁၃ ရက်နှင့် ၂၇-၇-၂၀၁၃ ရက်တွင် အပြေအကျေပေးသွင်းပြီးဖြစ်ပါသောကြောင့် ကြွေးကျန်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(ကျပ်သန်း)

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | ကုမ္ပဏီအမည် | နေရပ်လိပ်စာ | ကြွေးအမျိုးအစား | ၃၀-၆-၂၀၁၃ရက် လက်ကျန် | ပေးဆပ်သည့်ရက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးကျော်လှ | ၁၂/မဝတ(နိုင်)၀၃၁၆၅၁ | မွေးမြူရေးလုပ်ငန်းရှင် | အမှတ်(၆၈၃)၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်တိုင်းဒေသကြီး | ငါးစာ | ၁၂.၃၆၂ | ၂၃-၇-၂၀၁၃ |
| ၂။ | ဒေါ်စန်းနုရီ | ၅/စကန(နိုင်)၀၁၁၅၀၁ | စိန်စိန်တိုးဆီစက် | စက်မှုဇုန်-၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | အကျိုးတူ | ၁၄.၅၈၉ | ၂၇-၇-၂၀၁၃ |

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

**ပျောက်ဆုံးခြင်း**

ကျွန်တော်မောင်သန်းစိုး ၁၂/ဥကတ (နိုင်)၁၄၀၆၁၂၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၄၂၁၀၅၉၂၆**

**အမည်ပြောင်း**

ဦးသူရဝင်း ၇/ပတန(နိုင်)၀၀၀၉၁၉၏သား မိတ္ထီလာမြို့၊ အမှတ် ၅၊ ရှမ်းတဲကျောင်း၊ တတိယတန်း(B)တွင် ပညာသင်ကြားနေသော မောင်စစ်မင်းနိုင်အား ယနေ့မှစ၍ မောင်စွမ်းရည်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။ **ဦးသူရဝင်း-ဒေါ်သူဇာဦး**

**အမည်ပြောင်း**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဆင်ကစ်ပြကျေးရွာနေ ဦးအောင်သိန်း-ဒေါ်ခင်စန်းတို့၏သား မောင်ကောင်းခန့်ကျော်အား မောင်ကောင်းမြတ်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ကောင်းမြတ်ဦး**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ အမှတ်(၉/၂B)၊ ရှမ်းကုန်းလမ်း၊ မြေ/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ကျွန်မ ဒေါ်ဝိုင်းဝိုင်းမောင်၏သား မောင်ဇင်ဝိုင်းမောင် ၁၂/စခန(နိုင်)၀၇၃၄၈၈ သည် လူကြီးမိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းအား ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို (လုံး၀)တာဝန်မယူပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်ဝိုင်းဝိုင်းမောင်
၁၂/ပဘတ(နိုင်)၀၁၅၄၂၂







**သွေးသည် အသက်**

**ပျောက်ဆုံးခြင်း**

ကျွန်မ ဒေါ်နန်းမြအောင် ၁၃/မဆတ(နိုင်)၀၀၂၆၁၇ ၏ ပတ်စ်ပို့အမှတ်-M.469909မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၈၆၀၁၉၉**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ချစ်မင်းနိုင် ၁၂/သလန(နိုင်)၁၀၆၅၀၁ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များအား လုံး၀တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမြင့်သန်း-ဒေါ်စိန်စိန်အေး (သန်လျင်မြို့)

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄)၊ မြေကွက်အမှတ် ၇၁၂၊ ဧရိယာပေ(၄၀×၆၀) ရှိ မြေချပါမစ်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ရီရီမြင့် ပီအာအီး-၁၃၇၄၀၇ထံမှ အဆက်ဆက်စာချုပ်ဖြင့် ယခုလက်ရှိ တရားဝင်ပိုင်ဆိုင်သူ ဦးမျိုးသီဟ ၁၀/ပမန(နိုင်)၁၀၆၄၁၈က ၎င်းရောင်း ချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာစိုး LL.B (၂၀၉၅၈) အထက်တန်းရှေ့နေ**
**အခန်း ၃/၄၆၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၅၂၈၇၉**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ၁၄ ရပ်ကွက်၊ မြေကွက်အမှတ် ၉၁၆ ဟု ခေါ်တွင်သော အလျား ပေ ၄၀×အနံပေ ၆၀ ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်စန္ဒာဝင်းဆွေ ၁၂/မရက(နိုင်)၀၉၀၉၁၃ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်တို့အား တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မွေးပပဇော်**
**၃၂၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၉၇၅၄၇**

နိုင်ငံရပ်ခြား ထူးခြားဖြစ်စဉ်

# ရေကန်တစ်ခုတွင် ရေကူးပြီးနောက် ဦးနှောက်စားပိုးကူးစက်ခံရသည့် အသက် ၁၂ နှစ်အရွယ် မိန်းကလေးငယ် သေဘေးနှင့် ရင်ဆိုင်နေရ



အာကင်ဆောပြည်နယ် လစ်တဲလ်ရော့ခ်မြို့ ဝစ်လိုးစပရင်းရေဥယျာဉ်ရှိ ရေကန်ကိုတွေ့ရစဉ်။ ဓာတ်ပုံ-အေပီ

အမေရိကန် ပြည်ထောင်စု အာကင်ဆောပြည်နယ် လစ်တဲလ်ရော့ခ်မြို့ရှိ ရေကန်တစ်ကန်တွင် ယခုလ စောစောပိုင်းက ရေကူးခဲ့ရာမှ အသက် ၁၂ နှစ်အရွယ် ကာလီ ဟားဒစ်ဂ် အမည်ရှိ မိန်းကလေးမှာ ကံဆိုးခဲ့ရရှာသည်။ သူမမှာ ဦးနှောက်စားပိုးတစ်မျိုးနှင့်အသက်လုပွဲ ဆင်နွှဲရင်း သန်းခေါင်ယံခြောက် အိပ်မက်ကို အခန်းဆက်မက်နေရသည့်အဖြစ်ဆိုးနှင့် ကြုံနေရပြီဖြစ်သည်။

ဦးနှောက်စားပိုးဟုဆိုသည့် Naegleria Fowleri မှာ အဏုကြည့်မှန်ပြောင်းဖြင့်ကြည့်၍ မြင်နိုင်သော အမီးဘားပိုးတစ်မျိုးဖြစ်ပြီး နှာခေါင်းမှတစ်ဆင့် ဦးနှောက်အတွင်းဝင်ရောက်သောပိုးဖြစ်သည်။ ရေချိုတွင် ရေကူးကြသူများ ကူးစက်ခံရတတ်သော ပိုးတစ်မျိုးဖြစ်သည်ဟု စီအင်န်အင်န်သတင်းတစ်ရပ်က ဆိုသည်။ ယင်းသို့သော ဖြစ်ရပ်မျိုးမှာ လွန်စွာရှားပါးလှသည်။ သို့သော် ဖြစ်ခဲ့ပြီဆိုလျှင်လည်း သေဘေးနှင့် လွန်စွာနီးလှသည်ဟု ဆိုသည်။

"အဲဒီပိုးကူးခံရပြီဆိုတာနဲ့ ၉၉ ရာခိုင်နှုန်းက သေတာပါပဲ" ဟု ပြည်နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၁၉၆၂ ခုနှစ် မှ ၂၀၁၂ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကာလအတွင်း အာကင်ဆောပြည်နယ်တွင် ဦးနှောက်စားပိုးကူးစက်ဝင်ရောက်ခံရသည်ဟု အတည်ပြုနိုင်သည့်ဖြစ်ရပ် ငါးခုသာရှိခဲ့သည်။

ကာလီကို ဦးနှောက်စားပိုးဝင်ရောက်ကူးစက်စေခဲ့သည့် ရေကန်မှာ ဝစ်လိုးစပရင်း ရေဥယျာဉ်အတွင်းရှိ အောက်ခြေသဲမြေခံသည့် ရေအိုင်တစ်ခုဖြစ်သည်ဟု စီအင်န်အင်န်သတင်းဌာနက အတည်ပြုထားသည်။

၂၀၁၀ ခုနှစ်အတွင်းက ဖြစ်ခဲ့သည့် အလားတူဖြစ်ရပ်တွင်လည်း အဆိုပါ ရေဥယျာဉ်နှင့် ဆက်နွှယ်နေခဲ့ပြီး ကျန်းမာရေးဌာနက ဥယျာဉ်ကို ပိတ်ရန်တောင်းဆိုခဲ့သည်။

ကလေး၏အဖျားမှာ မကျကြောင်း၊ အန်လည်းအန်လာကြောင်း၊ ခေါင်းမှာ ဆိုးဆိုးရွားရွား နာကျင်ကိုက်ခဲနေသည်ဟု ပြောပြီး ငိုကြောင်းဖြင့် ကာလီ၏မိခင်ဖြစ်သူက ခရစ္စယာန်ပို့စ် သတင်းစာသို့ ပြောကြားသည်။ ထို့အပြင် ရေကန်များနှင့် မြစ်ချောင်းများတွင် ရေကူးမည်ဆိုပါက နှာခေါင်းညှပ် (nose clips) သုံးရန် အရေးကြီးကြောင်းလူအများသတိပြုမိလာအောင် ပိုမိုအသိပေးသင့်သည်ဟုလည်း ၎င်းက ပြောကြားသည်။

သမီးဖြစ်သူ ကာလီ၏ အခြေအနေအကောင်းဘက်သို့ ရောက်လာမည်ဟု ယုံကြည်ထားကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

သို့ရာတွင် လွန်ခဲ့သည့် နှစ် ၅၀ အတွင်း အမေရိကန်ပြည်ထောင်စုတွင် ဦးနှောက်စားပိုးဝင်ရောက်ခံရသူ ၁၂၈ ဦးရှိခဲ့သည့်အနက် တစ်ဦးသာလျှင် အသက်ဘေးမှ လွတ်ကင်းခဲ့ရသည်ဟု အေဘီစီသတင်းဌာနက မှတ်ချက်ပြုထားသည်။ **(ယူအက်စ်အေ တူဒေး)**

## ပြည်တွင်းသတင်း



ဇူလိုင် ၃၀ ရက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄ လမ်း (အလယ်) တွင် ယာဉ်သွားလမ်းပေါ် လက်တွန်းလှည်းဖြင့် လမ်းပိတ်ဆို့ ဈေးရောင်းချနေသူများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ရဲဝန်ထမ်းများက အရေးယူဖမ်းဆီးလာသည်ကို တွေ့ရစဉ်။

မောင်ကျောက်တံတား

# ယာဉ်နံပါတ် အင်္ဂလိပ်အက္ခရာ အသစ်တစ်ခုထွက်ရှိ

**ရန်ကုန် ဇူလိုင် ၃၁**

အသစ်ရောက်ရှိလာသော မော်တော်ယာဉ်များကို မူသေအမှတ်သတ်မှတ်ရာတွင် 5F/1001 ပေါင်းခြင်း ၁၀ နှင့် ၁၃ မပါ သတ်မှတ်ပေးလျက်ရှိကြောင်း မော်တော်ယာဉ်ကနဦးမှတ်ပုံတင်ဌာနမှ စုံစမ်းသိရသည်။

ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များကို ယာဉ်နံပါတ် ၄စ/၈၀၀၀မှစ၍ အင်္ဂလိပ်အက္ခရာ 4F/8000 အဖြစ် သတ်မှတ်ပြောင်းလဲခဲ့ပြီး ယခုနောက်ဆုံးနံပါတ် 4F/9999 ကုန်ဆုံးသွားပြီဖြစ်သောကြောင့် မူသေနံပါတ် 5F/1001 စတင်ထုတ်ပေးခြင်းဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ထုတ်ပေးသည့်နေ့တွင် အိမ်စီးယာဉ် ၁၆၈ စီး၊ ကုန်တင်ယာဉ် ၁၀ စီး၊ ခရီးသည်တင်ဘတ်စ် နှစ်စီး စုစုပေါင်းအစီး ၁၈၀ ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မှတ်ပုံတင်နံပါတ်များကို နံပါတ် 1001 မှ အက္ခရာသစ်နံပါတ်အဖြစ် ထုတ်ပေးပြီး စိတ်ကြိုက်နံပါတ်ထုတ်ယူလိုပါက သတ်မှတ်ထားသော စနစ်အတိုင်း နိုင်ငံတော်ဘဏ္ဍာသို့ ငွေပေးသွင်းကာ သတ်မှတ်ပေးခြင်းမရှိသော နံပါတ်ဂဏန်းပေါင်းခြင်း ၁၀၊ ၁၃ ရယူလိုပါက ကျော်လွန်သွားသောအမှတ် ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ကြိုတင်တောင်းဆိုထားသော နံပါတ်ကို သတ်မှတ်နှုန်းထားအတိုင်း ပေးသွင်းရယူနိုင်ကြောင်း ထုတ်ပြန်ထားသည်။ **ကြည်(ရန်ကင်း)**




## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၃၉ဟုခေါ်တွင်သော နှစ်ခန်းတွဲ ရှစ်ထပ် အဆောက်အအုံကြီး၏ ခြောက်လွှာ၊ ဝဲဘက်အခန်း၊ အကျယ်အဝန်းအားဖြင့် ပေ(၁၇×၇၀)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်များကို လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဦးထွဋ်လင်းအောင် ၁၀/မလမ(နိုင်)၁၃၉၁၂၃ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် (LL.B)

ADVOCATE -4314

အမှတ် (၄၆/ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င-၁၃)၊ အမှတ် ၄ လမ်းမ၊ မြေကွက်အမှတ် (၄၈၈/F )၊ ဧရိယာ ၀ဒသမ၆၈၈ဧကရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိစီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတိုးကြွယ် ၈/ပခက(နိုင်)၁၆၅၄၁၃ထံမှ ကျွန်ုပ်တို့မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်မွန်မွန်ချို | ဒေါ်အိမ့်ဖြူနိုင် |
| LL.B | LL.B, DBL, DML |
| (စဉ်-၂၃၂၉၉) | (စဉ်-၂၉၇၄၆) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများအတွက် Smart Generator နှင့် Copy Printer များကို မြန်မာ့ကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၇-၈-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**






## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းတိုးချဲ့စီမံကိန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း(ရန်ကုန်)စီမံကိန်းအတွက် ပစ္စည်းပေးသွင်းခြင်းနှင့်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးရန် ပြင်ပလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါဈေးပြိုင်တင်သွင်းနိုင်ပါသည်။

(က) ၆၃၀ ကေဗွီအေ ထရန်စဖော်မာဝယ်ယူတပ်ဆင်ခြင်း

(ခ) ၅၀၀ ကေဗွီအေ Gen set (Caterpillar/Perking/Kohler/Lister) ဝယ်ယူတပ်ဆင်ခြင်း

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ၁-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အမှတ် ၇၄၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံပိတ်ရက်နှင့်အချိန်- ၉-၈-၂၀၁၃ ရက် ညနေ ၄း၃၀ နာရီ**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အမှတ် ၇၄၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာယန်စီကော့ပါးလီမိတက်မှ အသုံးမလိုပိုလျှံသော အောက်ပါပစ္စည်းများကို ဈေးပြိုင် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချရန်ရှိနေပါသည်။

(1) Empty 200 Liter Drum (Approx:4000 Qty) (1) Lot.

(2) Used Batteries (Approx: 200 Qty) (1) Lot.

စိတ်ဝင်စားသူများ ချိပ်ပိတ်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာယန်စီကော့ပါးလီမိတက်၊ ရန်ကုန်ရုံးနှင့် ဆိုက်ရုံး (မုံရွာမြို့)တွင် ၁၂-၈-၂၀၁၃ ရက်မှ ၂၉-၈-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း တင်ဒါတစ်စုံလျှင် USD $ 10 ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါ ဈေးနှုန်းတင်သွင်းလွှာများကို ၃၀-၈-၂၀၁၃ ရက် မွန်းတည့် ၁၂း၀၀ နာရီနောက်ဆုံးထား၍ မြန်မာယန်စီကော့ပါးလီမိတက်၊ ရန်ကုန်ရုံးနှင့် ဆိုက်ရုံး (မုံရွာမြို့)သို့ တင်သွင်းရမည်ဖြစ်ပါသည်။

**လေလံရောင်းချရေးကော်မတီ**

**မြန်မာယန်စီကော့ပါးလီမိတက်**

| **ရန်ကုန်ရုံး** | **ဆိုက်ရုံး(မုံရွာမြို့)** |
|---|---|
| အမှတ် ၇၀(အိုင်)ဗိုလ်ချိန်လမ်း၊ ပြည်လမ်း၊ | ဖုန်း - ၀၇၁-၂၂၂၂၆ |
| ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ | ဖက်စ်- ၀၇၁-၂၂၅၂၂ |
| ဖုန်း - ၀၁-၅၁၄၁၉၄/၅/၆/၇ | |
| ဖက်စ်- ၀၁-၅၁၄၂၀၈ | |

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ သီလရှင်စာသင်တိုက် သာသနာ့ဟိတကာရီ အမျိုးသမီး အမှုဆောင်အဖွဲ့၏ (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ၂၀၁၃ ခုနှစ် အစိုးရ ဓမ္မာစရိယ စာမေးပွဲ အောင်မြင်တော်မူကြသော စာသင်တိုက်မှ သီလရှင်ဆရာလေး ၂၄ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက သင်္ဃမိတ္တာ ကျောင်းဆောင်တော်၌ ကျင်းပရာ ခရမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒက နဝင်္ဂသီလတရား ချီးမြှင့်သည်။



**လှူဒါန်း**

ဆက်လက်၍ စာသင်တိုက် ဦးစီး ဆရာကြီး ဒေါ်ဩဘာသီ၊ သာသနာ့ ဟိတကာရီ အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြစိန်၊ အတွင်းရေးမှူး ဒေါ်ခင်စန်းနှင့်အမှုဆောင် အဖွဲ့ဝင်များက မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအာသဘအမှူးပြုသော ဆရာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုက်အုပ်ဆရာကြီး ဒေါ်ဩဘာသီ၊ စာချဆရာကြီးများနှင့် ဓမ္မာစရိယ သုံးကျမ်းအောင်၊ နှစ်ကျမ်းအောင်နှင့် တစ်ကျမ်းအောင် သာသနာ့အာဇာနည်ဆရာလေး ၂၄ ပါးတို့ကို သာသနာ့ဟိတကာရီ အမျိုးသမီးအဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဂုဏ်ပြုပူဇော် လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

**တင်ကြည်(သင်္ဃန်းကျွန်း)**

# မိုဘိုင်းဖုန်းကတ် ကျွန်းလှ၌ ခွဲတမ်း ၂၀၀ ရရှိ

**ကျွန်းလှ ဇူလိုင် ၃၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများဆက်သွယ်ရေးလွယ်ကူပြီး အထူးသက်သာသော နှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန် ရည်ရွယ်ရောင်းချသည့် ငွေကျပ် ၁၅၀၀ တန် GSM မိုဘိုင်းဖုန်းဆင်းကတ်များကို စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဇူလိုင်လအတွက် ပထမအကြိမ် ခွဲတမ်း၂၀၀ ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ GSM မိုဘိုင်းဖုန်းဆင်းကတ်များ ရောင်းချနိုင်ရန် ဇူလိုင် ၂၉ ရက်က မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ လျှောက်လွှာများကို ဩဂုတ်၂ ရက်၌ သတ်မှတ်နေရာများတွင် အများပြည်သူရှေ့ထင်သာမြင်သာရှိအောင် မဲနှိုက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရေဦးမြို့နယ် ပလူဇဝကျေးရွာ မိုးခေါ်လွန်ဆွဲပွဲကျင်းပ

**ရေဦး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ပလူဇဝကျေးရွာ၌ မိုးခေါ်ငရုံ့မင်းပရိတ်ရွတ်ဖတ်ခြင်းနှင့် လွန်ဆွဲပွဲကျင်းပခြင်းကို ဇူလိုင် ၂၇ ရက် မွန်းလွဲ၂ နာရီက အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ပလူဇဝကျေးရွာ ရွာဦးကျောင်းဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က မိုးခေါ်ငရုံ့မင်းပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်။ ဆက်လက်၍ ညနေ ၄ နာရီတွင် ပလူဇဝကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကြီးမှူး၍ မိုးခေါ်လွန်ဆွဲကြသည်။ အဆိုပါလွန်ဆွဲပွဲသို့ ကျေးရွာအုပ်စု ကျေးရွာခွဲများဖြစ်သည့် သစ်ဖ၊ တောင်ပြင်ငယ်၊ အိုက်၊ ပေါ၊ အောင်သုခ၊ အောင်ရေတွင်းကျေးရွာများမှ လူငယ်မောင်မယ်တို့ လာရောက်ပါဝင်ဆင်နွှဲကာ မိုးမျှော်နေသော တောင်သူများအတွက် မိုးခေါ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်**

# ကျေးရွာချင်းဆက်လမ်းမကြီး စုပေါင်းပြုပြင်

**မော်လူး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မာန်ဟဲကျေးရွာအုပ်စု မြေပလ္လင်-ပေကုန်း ကျေးရွာချင်းဆက်လမ်းကို ပင်လုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးမွေး ဦးဆောင်ပြီး မြေပလ္လင်ကျေးရွာ၊ ပေကုန်း ကျေးရွာ၊ မာန်ဟဲကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက စုပေါင်းပြုပြင်ကြသည်။ **(အောက်ပုံ)**

**ပြုပြင်ဆောင်ရွက်**

အဆိုပါ လမ်းမကြီး စုပေါင်းပြုပြင်ခြင်းကို ဦးကျော်စိုးလွင် ပိုင်ဆိုင်သော ဘက်ဟိုးကားတစ်စီး၊ ဒေသခံများပိုင်ဆိုင်ကြသော ထော်လာဂျီယာဉ်များဖြင့် သဲကျောက် အစီးရေ ၁၂၀ ခန့် သယ်ယူကာ လူဦးရေ ၂၀၀ ကျော်ဖြင့် ပျက်စီးနေသော လမ်းပိုင်းများကို ပြုပြင်ဆောင်ရွက်ကြကြောင်း သိရသည်။ မြေပလ္လင်-ပေကုန်းကျေးရွာ ချင်းဆက် လမ်းမကြီးသည် ပေ၅၀၀၀ ခန့်ရှည်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**



**တောတောင်ရှိမှ**
**စမ်းရေရ၏**
**တောတောင်ပျက်ပြုန်း**
**မြေဆီသုဉ်း၏**

## စက်ရုံငှားရမ်းရန်အတွက် ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)အား ငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူ ပုဂ္ဂလိက ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များထံမှ ဈေးနှုန်းတင်သွင်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ပါသည်။

(က) **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၁-၈-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၁-၈-၂၀၁၃ ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅

**အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

စက်မှုဇုန်များသို့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုချက်များ ဖိတ်ခေါ်ခြင်းအတွက် တင်သွင်းရမည့်နေ့ရက် ပြင်ဆင်ခြင်း။

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၁၅ ခုသို့ စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား အဆိုပြုတင်ပြရန်နှင့် အဆိုပြုလွှာများအား ၃၁-၇-၂၀၁၃ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍တင်သွင်းရန် ၃-၇-၂၀၁၃ရက်မှ ၅-၇-၂၀၁၃ရက်အထိ နေ့စဉ်ထုတ်သတင်းစာများတွင် ဖိတ်ခေါ်ခဲ့ပါသည်။

၂။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အချက်အလက်များပြည့်စုံစွာ ပြင်ဆင်တင်သွင်းနိုင်ရေးတွင် အချိန်ကန့်သတ်ချက်များရှိနေကြောင်း သိရှိရပါသဖြင့် အဆိုပြုလွှာတင်သွင်းရမည့်ရက်အား ၁၅-၈-၂၀၁၃ရက် နောက်ဆုံးထား တင်သွင်းနိုင်ရန် ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူခြင်းအတွက် တင်သွင်းရမည့် နေ့ရက်ပြင်ဆင်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များတွင်အသုံးပြုရန်အတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို လက်ရှိမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ဓာတ်ငွေ့ပိုက်လိုင်းသို့အရောက် တန်ဖိုး (D.D.P Yangon)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား အဆိုပြုလွှာနှင့်ဈေးနှုန်းများအား ၃၁-၇-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန် ၁-၇-၂၀၁၃ရက်မှ ၃-၇-၂၀၁၃ရက်အထိ နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ခဲ့ပါသည်။

၂။ ပေးသွင်းရမည့်သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍ စံချိန်စံညွှန်းများကိုလည်းကောင်း၊ အချက်အလက်များကိုလည်းကောင်း ပြည့်စုံစွာ ပြင်ဆင်တင်သွင်းနိုင်ရေးတွင် အချိန်ကန့်သတ်ချက်များရှိနေကြောင်း သိရှိရပါသဖြင့် အဆိုပြုလွှာတင်သွင်းရမည့်ရက်ကို ၁၅-၈-၂၀၁၃ရက်နောက်ဆုံးထား တင်သွင်းနိုင်ရန် ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဝန်ထမ်းအိမ်ရာ၊ ဆေးရုံတိုးချဲ့လူနာဆောင်၊ ရုံးဌာနအဆောက်အအုံများ၏ တည်ဆောက်၊ ပြုပြင်လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၈-၂၀၁၃ ရက်
**တင်ဒါပိတ်ရက်** - ၂-၉-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် တည်ဆောက်/ပြုပြင်လုပ်ငန်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မကွေး)
## ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပရိဘောဂပစ္စည်း ၁၅ မျိုးဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Officer Table (L=6', B=4', H=2' 6") | ၂၀ |
| ၂။ | Book Case | ၂၀ |
| ၃။ | File Shelfs | ၂၀ |
| ၄။ | Cabinet (Leeco 4 Drawers) | ၅ |
| ၅။ | ဖိုင်တင်စင် (Leeco/Taiyo/Standard) | ၂၀ |
| ၆။ | Computer Table | ၃၀ |
| ၇။ | လက်တင်ပါကုလားထိုင် | ၂၀ |
| ၈။ | သစ်သားဆက်တီ | ၁ |
| ၉။ | ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ | ၅၀ |
| ၁၀။ | သဟာယထိုင်ခုံ (ကျွန်း၊ ဆိုဖာ၊ ထိုင်ခုံ၊ ကျောမှီဆိုဖာ လက်တန်းပါ၊ နောက်မှီနှင့် ခြေထောက်ကနုတ်ပန်းပါ) | ၁၀ |
| ၁၁။ | စကားပြောစင် | ၃ |
| ၁၂။ | Plastic Chair (Armad) | ၂၀ |
| ၁၃။ | Plastic Chair (Armless) | ၃၀ |
| ၁၄။ | Lab Table | ၂၀ |
| ၁၅။ | Bed Stead (Single) | ၂ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ဤကြော်ငြာပါသည့်ရက်မှ ၁၂-၈-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီနောက်ဆုံးထား၍ တင်သွင်းကြပါရန် ကြေညာအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသောအချက်များကို ကွန်ပျူတာတက္ကသိုလ်(မကွေး) ရုံးဖုန်း-၀၆၃-၂၈၅၈၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်၊ မကွေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ စမ်းသပ်စက်ရုံစု (မှော်ဘီ)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **စက္ကူကုန်ကြမ်း(ဝကြီး)** ၆၄,၇၈၀.၂ ပိဿာ
**အိတ်ဖွင့်တင်ဒါတင်သွင်းရန်** (၁၅-၇-၂၀၁၃)မှ(၁၄-၈-၂၀၁၃)ရက်အထိ (ရုံးချိန်အတွင်း)
**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၊ အမှတ် ၆၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို **စက်ရုံမှူး၊ စမ်းသပ်စက်ရုံစု(မှော်ဘီ)၊ ဖုန်း-၀၁-၆၀၀၀၄၂၊ ၀၁-၆၀၀၀၄၆**တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး
## ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် အသုံးပြုရန် အောက်ဖော်ပြပါ ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့်ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Desktop Computer Set (Acer 18.5" LCD Monitor) (၅)လုံး
(ခ) Printer(Canon LBP 2900) (၅)လုံး
(ဂ) Canon IP 24201 Copier (၁)လုံး
(ဃ) Computer Table (၅)လုံး
(င) Computer Chair (၅)လုံး
(စ) Panasonic Fax Model No.983 (၁)လုံး
(ဆ) ကျွန်းသားပေါင်နှင့်ဆိုဖာဆက်တီ (၁)စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Specification)များစသည့် အသေးစိတ်အချက်အလက်များကို ၁-၈-၂၀၁၃ရက်မှ ၃၀-၈-၂၀၁၃ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၉-၂၀၁၃ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမတွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ တင်သွင်းရန်ဖြစ်ပြီး တင်ဒါအောင်မြင်သူများကို အဆိုပါရက်တွင်ပင် ကြေညာမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊**
**အမှတ်(၁၀၁)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၁-၃၈၃၉၆၄၊ ၀၁-၃၈၃၉၆၅၊ ၀၁-၃၈၅၉၅၁၊**
**တင်ဒါရွေးချယ်ရေးအဖွဲ့**

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**

# ချောင်းဦးချောင်းဖျားတွင် တောင်ယာခုတ်ခြင်း၊ ရေပိုက်သွယ်ခြင်းများကြောင့် လယ်သမားများအငြင်းပွားမှု ခရိုင်တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု နမ့်တာကျို ကျေးရွာသားများနှင့် မနော်ရွာသားများ ချောင်းဖျားတွင် တောင်ယာခုတ်ခြင်း၊ ရေသွယ်ခြင်းများကြောင့် အငြင်းပွားမှုနှင့်ပတ်သက်၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ဆီလိင်ငေါ့စံပြကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။



အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် နမ့်တာကျိုရွာသူကြီး ဦးထွန်းအောင်၊ ရပ်မိရပ်ဖဦးအာဗေလ၊ မနော်ရွာသူကြီးဦးယာဂျူ့တို့က ချောင်းဦးချောင်းဖျား၌ စိုက်ပျိုးရေသွယ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ သောက်သုံးရေဖြန့်ဝေခြင်း မမျှတသဖြင့် စိုက်ပျိုးမှု အခက်အခဲများရှိကြောင်း မြေပုံညွှန်းများဖြင့်တင်ပြခဲ့ရာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က တောင်သူများကို စိုက်ပျိုးရေသွယ်ခြင်း အပြည့်အဝရရှိအောင် သက်ဆိုင်ရာဝန်ထမ်းများ၊ နှင့်ကွင်းဆင်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့ပြီး အငြင်းပွားမှုမပြုလုပ်ကြရန်၊ ခိုက်ရန်မဖြစ်ပွားကြရန် မှာကြားကာ ညနေ ၃ နာရီခွဲတွင် ညှိနှိုင်းအစည်းအဝေးရုပ်သိမ်းသည်။

ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီခွဲအထိ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် စိုက်ပျိုးရေးဌာန၊ ဆည်မြောင်းဌာန၊ မြေစာရင်းဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက အငြင်းပွားနေရာဖြစ်သော နမ့်တာကျိုချောင်း ရေအရင်းအမြစ်ဖြန့်ဝေမှုနှင့် မနောချောင်းရေ အရင်းအမြစ်ဖြန့်ဝေမှု၊ စိုက်ပျိုးရေးအခက်အခဲရှိသောလယ်မြေများသို့ ကွင်းဆင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်များကို ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

နှစ်ဖက် တောင်သူလယ်သမားများက လာရောက်ဖြေရှင်းပေးသော တာချီလိတ်ခရိုင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အထောက်အကူပြုအဖွဲ့များ၊ သတင်းမီဒီယာများနှင့် မြန်မာ့အလင်းကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကလေး၊ ကလေးဝမြို့များတွင် ဆိုင်ကယ်ဦးထုပ်ဆောင်းစီးနင်းရန် ကြပ်မတ်လျက်ရှိ

**ကလေး ဇူလိုင် ၃၁**

ကလေး၊ ကလေးဝမြို့များတွင် ဒေသတွင်းသွားလာနေသော ဆိုင်ကယ်စီးသူများ ဆိုင်ကယ်ဦးထုပ်ဆောင်းစီးနင်းရန် ကြပ်မတ်လျက်ရှိသည်။ ကလေးမြို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ယာဉ်စီးနင်းသူဦးရေလည်း တစ်နေ့တခြား များပြားလာသည်။ ယာဉ်စီးသူဦးရေ များပြားလာသော်လည်း အများစုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ မသိနားမလည်ခြင်းတို့ကြောင့် ယာဉ်တိုက်မှုများလည်း မကြာခဏဖြစ်ပွားနေသည်။ ထိုသို့ ယာဉ်တိုက်မှုများ ဖြစ်ပွားရာတွင် အများစုမှာ ထိခိုက်ဒဏ်ရာရမှုဖြစ်သော်လည်း သေဆုံးမှုများကို စစ်တမ်းကောက်ယူကြည့်ပါက ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်းမှာ အဓိကဖြစ်နေကြောင်းယာဉ်ထိန်းရဲအရာရှိတစ်ဦးကပြောသည်။ ကလေးမြို့အပြင် ကလေးဝမြို့တွင်လည်း နေ့စဉ်နှင့်အမျှ ဒေသတွင်းသွားလာနေသော ဆိုင်ကယ်များကို ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ယင်းကဲ့သို့ ကြပ်မတ်ဆောင်ရွက်မှုများကြောင့် ဆိုင်ကယ်ဦးထုပ်ဆောင်း စီးနင်းသူလည်း များပြားလာကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ **သျှင်နေမင်း**

# သန်းခေါင်စာရင်းကောက်ယူရေး ပူးပေါင်းရန်ပညာပေး

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဇူလိုင် ၂၅ ရက်က ၂၀၁၄ မတ် ၃၀ ရက်မှစတင်၍ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ရဲချို့က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့်ပတ်သက်၍ တက်ရောက်လာကြသော ပြည်သူများအား အသေးစိတ်ရှင်းလင်းဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **ကာရန်ခ**

# လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အသိပညာပေး ဟောပြော

**တာချီလိတ် ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်၊ တာလေမြို့နယ်ခွဲ နားယောင်းအုပ်စု နားအွမ်ကျေးရွာ ခရစ်ယာန်ကျောင်း၌ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟော ပြောပွဲကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ဒုတိယရဲမှူး ရင်ရင်အေးက လူကုန်ကူးဥပဒေပေါ်ပေါက်လာပုံ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရွှေ့ပြောင်းသွားလာခြင်းမှ လူမှောင်ခို၊ လူကုန်ကူးမှုပေါ်လာပုံကို ဖော်ထုတ်ခဲ့သော မှုခင်း များနှင့်အတူ ရှင်းလင်းခြင်း၊ အထူးစီမံချက်ပါ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ရပ်ကွက်၊ ကျေးရွာ အခြေပြုစောင့်ကြည့်ရေးအဖွဲ့ဖွဲ့စည်းရခြင်းရည်ရွယ်ချက် လုပ်ငန်းတာဝန်များ၊ လူကုန်ကူးမှု မဖြစ်ပေါ်စေရေး အတွက် သိသင့်သိထိုက်သော ဆောင်ရန်ရှောင်ရန် အချက်များ ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုရဲအုပ် မင်းခိုင်က တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းမှ လူကုန်ကူးခံရပုံများအကြောင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ရာမှ လူကုန်ကူးခံခဲ့ရသည့် ကယ်တင်ဖော်ထုတ်ခဲ့သောမှုခင်းဖြစ်စဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**မြင့်မိုရ်(တာချီလိတ်)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## နေပြည်တော်
## ကြေညာချက်

၁။ ဥပဒေအရာရှိအဆင့်-၄များ ရွေးချယ်ရေးအတွက် ရေးဖြေစာမေးပွဲကို ၁၈-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့တွင်လည်းကောင်း၊ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း တိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ လျှောက်ထားသူများသည် မန္တလေးမြို့တွင်လည်းကောင်း ဖြေဆိုကြရပါမည်။

၃။ ဖြေဆိုခွင့်ကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးများတို့တွင် ၁၂-၈-၂၀၁၃ရက်မှ ၁၆-၈-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ လူကိုယ်တိုင် လာရောက်ထုတ်ယူကြရပါမည်။

၄။ ခုံအမှတ်၊ စာမေးပွဲ၊ အချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၁၂-၈-၂၀၁၃ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတို့တွင် ကြေညာထားပါမည်။

၅။ ၃၀-၆-၂၀၁၃ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၂၇)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)၊ မဟာဥပဒေဘွဲ့ (LL.M)ဘွဲ့ရရှိပြီးသူဖြစ်ပါက အသက်(၃၂)နှစ်အထက် ကျော်လွန်သူများကို ဖြေဆိုခွင့်မပြုပါ။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**



## အိတ်ဖွင့်တင်ဒါ

၁။ ၂၀၁၃-၂၀၁၄ခုနှစ်အတွင်း အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Printer ဆေးဘူးများ
(ခ) Copier ဆေးဘူးများ
(ဂ) Fax ဆေးဘူးများ
(ဃ) Computer ဆက်စပ်ပစ္စည်းများ၊

၂။ တင်ဒါပုံစံရောင်းချမည့်ရက် အိတ်ဖွင့်တင်ဒါများကို ၅-၈-၂၀၁၃ရက်မှ ၇-၈-၂၀၁၃ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်ဈေးနှုန်းလွှာများကို ၉-၈-၂၀၁၃ရက် နံနက် ၁၀နာရီနောက်ဆုံးထား၍ ရုံးအမှတ်(၁) နေပြည်တော်ရှိ ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၇၁၀၉၊ ၀၆၇-၄၀၇၀၉၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် လမ်း(၈၀)လမ်း၊ တံတား(၂)စင်း၊ ရေပေးရေးလုပ်ငန်း(၂၃)ခုတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ၁-၈-၂၀၁၃ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၁-၈-၂၀၁၃ရက်မှ၃၁-၈-၂၀၁၃ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**



## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
## လျှပ်စစ်ဦးစီး၊ နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်-၀၀၁/တင်ဒါ/၂၀၁၃-၂၀၁၄/လစစ

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် Conferencing System လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပေးသွင်းရမည့်ပစ္စည်း | အရေအတွက် |
|---|---|---|
| (က) | infrared Wireless Conferencing System | 1 Lot |

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၈-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၈-၂၀၁၃ရက်မှစ၍ လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၀) နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်တယ်လီဖုန်းအမှတ်မှာ ၀၆၇-၄၀၇၀၇၉ ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**



## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
## လျှပ်စစ်ဦးစီး၊ နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်-၀၀၂/တင်ဒါ/၂၀၁၃-၂၀၁၄/လစစ

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် e-goverment လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပေးသွင်းရမည့်ပစ္စည်း | အရေအတွက် |
|---|---|---|
| (က) | Computer,Printer များ အပါအဝင် Hardware ပစ္စည်းများ | 1 Lot |

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၈-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၈-၂၀၁၃ရက်မှစ၍ လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၀) နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်တယ်လီဖုန်းအမှတ်များမှာ ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၇၅၄၀၊ လျှပ်စစ်ဦးစီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၀၇၀၇၉တို့ ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၂၉-၇-၂၀၁၃ရက်မှစ၍ ၂၉-၈-၂၀၁၃ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၂၉-၈-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**(က) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း(၄)မျိုး**

| | | |
|---|---|---|
| (၁) | Personal Computer(Core i7)(Clone) | (၅၅)လုံး |
| (၂) | UPS (Cyber Power 1000W ) | (၅၅)လုံး |
| (၃) | Laser Printer(Canon LBP-2900) | (၁၈)လုံး |
| (၄) | Card Printer(Data Card SP 75 Card Printer) | ( ၃)လုံး |

**(ခ) ရုံးသုံးစက်ကိရိယာပစ္စည်း(၅)မျိုး**

| | | |
|---|---|---|
| (၁) | Digital Copier(Fuji Xerox)(DC-S 2010) | ( ၈)လုံး |
| (၂) | Digital Copier (Konica Bizhub-195) | ( ၅)လုံး |
| (၃) | Calculator(Olympia DT 8860 TX) | (၃၀)လုံး |
| (၄) | Fax Telephone(Thermal)(Panasonic) | (၃၀)လုံး |
| (၅) | Air Conditioner(Split Type)(2.0 HP)(Mitsubishi) | (၂)လုံး |

**(ဂ) ရုံးသုံးပရိဘောဂ(၅)မျိုး**

| | | |
|---|---|---|
| (၁) | သံမဏိဗီရိုကြီး(CB-02)(LEECO) | (၃၁)လုံး |
| (၂) | လေးဆင့်ပါ သံမဏိဗီရို (FC-0114)(LEECO) | (၃၀)လုံး |
| (၃) | ဆိုဖာတပ်သံကုလားထိုင်(B-319) | (၂၀)လုံး |
| (၄) | ကွန်ပျူတာစားပွဲ(SV-202) | (၁၁)လုံး |
| (၅) | ဖိုင်ဘာစားပွဲ (8' x 4'x 2' 6")(ATV-2412) | ( ၁)လုံး |

၂။ မေးမြန်းစုံစမ်းလိုပါက ဖုန်း-၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့်နယ်သတင်း

# အမှုဖွင့်ထားဆဲ သီးနှံရိတ်သိမ်းသူများကို မကွေး၌တရားစွဲဆို

**မကွေး ဇူလိုင် ၃၁**

မကွေးမြို့နယ် ထုံးပေါက်တောအုပ်စု သဖန်းဆိပ်ကျေးရွာနှင့်ကမ်းရင် ကျေးရွာကြားရှိ မြေနုကျွန်းပေါ်၌ သီးနှံများ ကျူးကျော်ကြပက်ပြီး ၎င်းကိစ္စအတွက် အမှုဖွင့်လှစ်နေစဉ် သီးနှံများကို ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ရိတ်သိမ်းခဲ့သူများကို ထုံးပေါက်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက မကွေးမြို့နယ်တရားရုံး၌ တရားစွဲဆိုထားကြောင်း သိရသည်။

ထုံးပေါက်တောအုပ်စု သဖန်းဆိပ်ကျေးရွာနှင့် ကမ်းရင်ကျေးရွာကြားရှိ မြေနုကျွန်းပေါ်၌ ၂၀၁၀ခုနှစ်မှစတင်၍ မြို့နယ်မြေယာကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကျေးရွာမြေကော်မတီကစိုက်ပျိုးမြေခွဲဝေသတ်မှတ်ပေးခဲ့ပြီး ခွင့်ပြုသော မြေဧရိယာပေါ်တွင် ကျေးရွာနှစ်ရွာက သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။ ယခုနှစ် မိုးကုန်၍ မြေနုကျွန်းလွင်ပြင် ပေါ်ထွန်းလာသည့်အခါ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ထံမှ လုပ်ကိုင်ခွင့်အမိန့်ရရှိအောင် စောင့်ဆိုင်းနေစဉ် သဖန်းဆိပ်ကျေးရွာရှိ တောင်သူများရရှိခဲ့သည့် မြေနုကျွန်းလွင်ပြင်ပေါ်တွင် ကမ်းရင်ကျေးရွာမှ ဦးကျော်ဇင်၊ ဦးမောင်ပု၊ ဦးဘိုအောင်တို့ ဦးဆောင်ပြီး သီးနှံများ ကြပက်ခဲ့သည့်အတွက် ထုံးပေါက်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနန်းမြင့်က တရားလိုပြုလုပ်၍ တိုင်ကြားပြီး အမှုရင်ဆိုင်နေစဉ် သဖန်းဆိပ်ကျေးရွာ တောင်သူများ လုပ်ကိုင်ခွင့်ရရှိထားသော မြေနုကျွန်းလွင်ပြင်ပေါ်ရှိ စိုက်ပျိုးထားသော သီးနှံများအား မည်သည့်ကျေးရွာမှ ဝင်ရောက်ရိတ်သိမ်းခြင်း၊ ကျူးကျော်ခြင်း မပြုလုပ်ရန် မြို့နယ်တရားရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တားမြစ်ခဲ့သည်။

ထို့နောက် မြေနုကျွန်းပေါ်၌ ဖြစ်ထွန်းလာသော သီးနှံများကို အကျိုးမဲ့ပျက်စီးမှုမရှိစေရန် ကုန်သည်ကြီးများအသင်းက ရိတ်သိမ်း၍ သီးနှံများ သိမ်းဆည်းအပ်နှံထားမည်ဖြစ်ကြောင်းကို နှစ်ဖက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်နှစ်ဖက်ကျေးရွာတောင်သူ ကိုယ်စားလှယ်များက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်တွင် ညှိနှိုင်းသဘောတူလက်မှတ်ရေးထိုးခဲ့သည်။ သို့သော် ကမ်းရင်ကျေးရွာမှ ဦးကျော်ဇင်၊ ဦးမောင်ပု၊ ဦးဘိုအောင်၊ ဦးမောင်ညွန့်၊ ဦးညိုကြီး၊ ဦးလှဦးလွင်၊ ဦးအောင်လင်းတို့ ခုနစ်ဦးက ဦးဆောင်၍ လူစုလူဝေး အယောက် ၃၀ ခန့်ဖြင့် ဧပြီ ၁၂ ရက်မှစ၍ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညှိနှိုင်းပေးမှုနှင့် သဘောတူညီချက်ကို ချိုးဖောက်ကာ နှစ်ဖက်ကျေးရွာမှ စိုက်ပျိုးထားသော နေကြာ၊ မြေပဲသီးနှံများ (ကာလတန်ဖိုးငွေကျပ် သိန်း ၇၀ခန့်)ကို ရိတ်သိမ်းဖျောက်ဖျက်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့ရာဌာန၏ လမ်းညွှန်မှုနှင့်အညီ ထုံးပေါက်တော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနန်းမြင့်က ဥပဒေမဲ့သီးနှံရိတ်သိမ်းသူများအား မကွေးမြို့နယ်တရားရုံး၌ တရားစွဲဆိုထားကြောင်းသိရှိရသည်။

**ပိုင်ဖေ(မကွေး)**

# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ



MEC, CDMA တန်ဖိုးနည်း ဖုန်းကတ်များကို ဧပြီ၊ မေ၊ ဇွန် သုံးလ ဆက်တိုက်ဖြန့်ဝေပေးရာမှ ယခု ဇူလိုင်လတွင် မြန်မာ့ဆက်သွယ်ရေး (MPT) မှ GSM ဖုန်းကတ်များကို ပြောင်းလဲဖြန့်ဝေပေးရာ ဇူလိုင် ၂၉ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ထင်သာမြင်သာရှိစွာ အများပြည်သူရှေ့မှောက်တွင် မဲနှိုက်ကြစဉ်။

**ကိုကြီးတင်**

# ဝါတွင်းအရဏ်ဆွမ်းများ လောင်းလှူ

**မိတ္ထီလာ ဇူလိုင် ၃၁**

မိတ္ထီလာတွင် ဝါတွင်းသုံးလကာလအတွင်း ရပ်ကွက်အလိုက် နေ့စဉ် အရုဏ်ဆွမ်းလောင်းအသင်းများ ဦးဆောင်၍ ဆွမ်းလောင်းလှူဒါန်းလျက်ရှိရာ ဈေးအရှေ့ပြင်၊ မြို့မ၊ နန်းတော်ကုန်း၊ ဝန်ဇင်း၊ ကျီတော်ကုန်း ရပ်ကွက်များတွင် ရန်အောင်မြင်ဆွမ်းလောင်းအသင်းက ဆွမ်းလောင်းမဏ္ဍပ်တည်ဆောက်၍ ဆွမ်း၊ ဆွမ်းဟင်းချက်ပြုတ် လှူဒါန်းလျက်ရှိရာ မြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်းတိုက်များမှ ဝါဆိုသံဃာအပါး ၁၂၀၀ ကျော် အရုဏ်ဆွမ်းအလှူခံ ကြွရောက်တော်မူကြောင်းသိရသည်။

“ကျွန်တော်တို့ ပြည်သာယာ(မ) ရပ်ကွက်မှာ ဇေယျာသီရိလူမှုကူညီရေး ဆွမ်းလောင်းအသင်းက နိဗ္ဗာန်အကျိုးဆောင်ပြီး အရုဏ်ဆွမ်းလောင်းလှူဒါန်းမယ့်အလှူရှင်တွေ အိမ်ကို အသင်းဝင်တွေ ကိုယ်တိုင်ဆွမ်းလောင်း မဏ္ဍပ်ဝိုင်းဝန်းတည်ဆောက်ပေးတာမျိုး၊လောင်းလှူမယ့်ဆွမ်း၊ ဆွမ်းဟင်းချက်ပြုတ်ပေးကြတာမျိုး ကူညီဆောင်ရွက်ပေးပါတယ်။ ရပ်ကွက်အနီးအနားက မကျီးချောက်၊ ဇောင်ချမ်းကုန်း၊ကန်တိုင်ပေါက်၊ညောင်ကုန်းနဲ့ ရပ်ကွက်အတွင်းက ရတနာဦးကျောင်းတိုက်၊ ချမ်းသာကြီး ကျောင်းတိုက်စတဲ့ ဘုန်းတော်ကြီးကျောင်းတွေကဝါဆိုသံဃာတော်အပါး၂၀၀ကျော် အရုဏ်ဆွမ်းခံကြွလေ့ရှိပါတယ်”ဟု ဇေယျာသီရိ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဇေယျက ပြောကြားသည်။

(၄၃၅)

# ကနီမြို့နယ်၌ ကျောင်းအဆင့်မြှင့်ဖွင့်လှစ်

**ကနီ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကနီမြို့နယ် ကျွန်းပင်အိုင်ကျေးရွာတွင် ဇူလိုင် ၂၈ရက် နံနက် ၉ နာရီကအခြေခံပညာအလယ်တန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးထင်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းညိမ်း၊မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစောဟန်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးကကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများကိုထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ခင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## ( ၅ / ၂၀၁၃ )

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-041(2013-2014) | 100 KW Diesel Engine Driven Generating Set | (1) Set | US$ |
| (၂) | IFB-042(2013-2014) | 100 KW Natural Gas Engine Driven Generating Set | (2) Sets | US$ |
| (၃) | IFB-043(2013-2014) | Motorola Transceiver (GM 388 BS VHF) | (2) Nos | US$ |
| (၄) | IFB-044(2013-2014) | Spares for Komatsu Dozer | (2) Items | US$ |
| (၅) | IFB-045(2013-2014) | Casing Elevators | (4) Items | US$ |
| (၆) | IFB-046(2013-2014) | SL-450 Swivel Goose Neck for ZJ 70 L Drilling Rig | (4) Nos | US$ |
| (၇) | IFB-047(2013-2014) | 5 1/2” API Float Shoes & Collars | (2) Items | US$ |
| (၈) | IFB-048(2013-2014) | Rotary Hose for ZJ 70L & ZJ 50 D Drilling Rigs | (2) Items | US$ |
| (၉) | IFB-049(2013-2014) | Spares for Emsco Rig Drive Group | (6) Items | US$ |
| (၁၀) | IFB-050(2013-2014) | Roller Chain | (5) Items | US$ |
| (၁၁) | DMP/L-021(2013-2014) | Spares for CAT D 399 & CAT D 3512 Engines | (1) Lot | Kyat |
| (၁၂) | DMP/L-022(2013-2014) | Spares for Volvo Tractor (Electronic Unit Injector & Fuel Filter Housing) | (2) Items | Kyat |
| (၁၃) | DMP/L-023(2013-2014) | Multi Grade Diesel Engine Oil (SAE 15 W 40) (API-CF4) | (80) Drums | Kyat |
| (၁၄) | DMP/L-024(2013-2014) | Electrical Spares for USS Oil Well Drilling Rig [20 Pin Plug & Receptacle (Male & Female)] | (32) Sets | Kyat |
| (၁၅) | DMP/L-025(2013-2014) | 2000 AMP Circuit Breaker & Speed Adjust Rheostat for ZJ 50D Drilling Rig | (2) Items | Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၆-၈-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

## ကျန်းမာရေးဦးစီးဌာန
## တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ကျိုင်းတုံ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် သုံးစွဲရန်လိုအပ်သော (FDA)အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၂-၈-၂၀၁၃ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၉-၂၀၁၃ ရက် ညနေ ၄ နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ၊**
**ဖုန်း-၀၈၄-၂၁၀၇၀၊ ၀၈၄-၂၄၀၁၆**

## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှိ ပြုပြင်သုံးစွဲရန်မသင့်လျော်သည့် အောက်ပါပစ္စည်းဟောင်း (၇၀)မျိုးတို့အား ရောင်းချလိုပါသဖြင့် ယှဉ်တွဲပါဒေသများအလိုက် ပစ္စည်းကြည့်ရှုနိုင်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် | ပစ္စည်းကြည့်ရှုရမည့်နေရာ |
|---|---|---|---|
| (က) | စက်ကိရိယာပစ္စည်း | ၄၀ မျိုး | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့ |
| (ခ) | ပရိဘောဂပစ္စည်း | ၈ မျိုး | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့ |
| (ဂ) | ရုံးသုံးကိရိယာ၊ လျှပ်စစ်ပစ္စည်းနှင့် စက်ကိရိယာပစ္စည်း | ၂၂ မျိုး | အမှတ်(၆၉/၇၁)၊မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်မြို့ |

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)၊ ရန်ကုန်ရုံးခွဲ (ရန်ကုန်မြို့)၊ မြိတ်ရုံးခွဲ(မြိတ်မြို့)

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

၄။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်

၅။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃၀-၈-၂၀၁၃ရက် ၁၆း၃၀ ဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ ဖုန်း-၀၆၇-၄၁၄၀၈၃၊ ရန်ကုန်ရုံးခွဲ ဖုန်း-၀၁-၅၄၇၁၉၅ နှင့် မြိတ်ရုံးခွဲ ဖုန်း-၀၅၉-၄၁၀၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်ခင်ဌေးမြင့် ၉/မလန(နိုင်)၁၁၂၇၃၀ သည် တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ယာမြေ၊ ဦးပိုင်အမှတ် ၂၅၊ မြေဧရိယာဧက ၀ဒသမ ၀၄၅ဧကရှိ မြေကွက်အား တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်နေ ဒေါ်နန်းအေးဆုံ ၁၃/လလန(နိုင်)၀၅၀၉၇၇ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်ဌေးမြင့် ၉/မလန(နိုင်)၁၁၂၇၃၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဘိုကလေးမြို့၊ ၃ ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၅၀ နေ ကျွန်တော် ဦးမင်းဆွေ၏သား မောင်လဝီမင်းနိုင်အောင် ၁၄/ဘကလ(နိုင်)၂၆၀၀၁၉ BA သည် မိမိသဘောဖြင့် အိမ်မှထွက်ခွာသွားပြီဖြစ်ပါသည်။ ထို့နောက်မှတစ်ဖန် မိဘများနှင့် မိသားစုအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြောဆိုပြုမူသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှ လုံးဝ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းဆွေ**
**၉/ပဘန(နိုင်)၁၁၅၅၅၇**

## အမည်ပြောင်း

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ အထက(၁) ဆဋ္ဌမတန်း(B)မှ ဦးမိုးကျော်စွာဟိန်း၏သမီး မယွန်းဝတ်ရည်(ခ)ရွှေတဆုတ်အား သက်ထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **သက်ထက်အောင်**

## အမည်ပြောင်း

ဟိုပင်မြို့နယ်ခွဲ၊ မြဇေယျာရပ်ကွက်နေ စိုင်းအောင်ကျော်ဦး(ခ)ရုံးကွေ(ခ)စိုင်းအောင် ခေးဆိုင် ၁/မညန(နိုင်)၀၈၅၂၄၃ အား စိုင်းဆိုင်နေဝမ်းနန်းဟု ပြောင်းလဲခေါ်ပါရန်။ **စိုင်းဆိုင်နေဝမ်းနန်း**

## မှုခင်းသတင်းနှင့်ကြော်ငြာ

# ကျောက်မဲမြို့တွင် ဘူတာစင်္ကြံပြုပြင်၊ လမ်းမီးများလင်းနိုင်ခဲ့သဖြင့် ခရီးသည်များဝမ်းမြောက်ဝမ်းသာဖြစ်

**ကျောက်မဲ ဇူလိုင် ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် ဘူတာစင်္ကြံပြုပြင်ခြင်း၊ ဘူတာအဝင်အထွက်လမ်းမကြီးနှင့်ခရီးသည်တင်အဝေးပြေးကားဂိတ်တို့၌ မီးလင်းရေး မြန်မာ့မီးရထားဌာန၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြို့နယ် စည်ပင်သာယာဌာနတို့က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ သတင်းများကို ဇွန် ၁၅ ရက်က ခရီးသည်များ သွားလာရေး အဆင်ပြေစေရန်၊ ခါးပိုက်နှိုက်မှု လုယက်မှုများမဖြစ်ပေါ်စေရန် ဘူတာရုံ အဝင်အထွက်လမ်းမကြီးနှင့်ခရီးသည်တင်အဝေးပြေးကားဂိတ်တို့၌ လမ်းမီးတိုင်များ မီးလင်းစေရန်ဆိုသည့် သတင်းနှင့် ဇူလိုင်၁၈ရက်ကလေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော စင်္ကြံအမိုး ယနေ့တိုင်ပြုပြင်နိုင်ခြင်းမရှိ သတင်းများကို မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာကဏ္ဍမှ နယ်မြေခံ သတင်းထောက်များက အပြုသဘောဆောင် ရေးသားခဲ့သည်။

ပျက်အစဉ်ပြင်ခဏဆိုသည့်ဆိုရိုးစကားအတိုင်း သက်ဆိုင်ရာဌာနများက အချိန်မီပြုပြင်ပေးမှုကြောင့် ခရီးသွားဧည့်သည်များနှင့်မြို့လူထုက ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး နယ်မြေခံ သတင်းထောက်များကိုလည်းကျေးဇူးတင်ရှိကြောင်း သိရသည်။

**ကိုကို(ကျောက်မဲ)**

# လှေနှင့်သင်္ဘောတိုက်မိသဖြင့် ငါးဖမ်းလှေနစ်မြုပ်၊ လူတစ်ဦးသေဆုံး

**မြိတ် ဇူလိုင် ၃၁**

ကျွန်းစုမြို့နယ် ရေကန်အော်ကျေးရွာအုပ်စု ဝဲကျွန်းကျေးရွာအနီး ကျောက်လိပ်အရှေ့ ပင်လယ်ရေပြင်၌ ဇူလိုင် ၂၆ ရက်က လှေနှင့်သင်္ဘောတိုက်မိခဲ့သဖြင့် ငါးဖမ်းလှေငယ်တစ်စင်းနစ်မြုပ်ကာ လူငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုနေ့က ပဲ့နင်း ဦးဌေးအောင် (၃၉ နှစ်)၊ တည်းကျွန်းရွာ လောင်းလုံးမြို့နယ်နေသူ မောင်းနှင်၍ လှေသား ခြောက်ဦး လိုက်ပါလာသော ငါးဖမ်းလှေတစ်စင်းသည် မြိတ်မြို့မှ ကျွန်းစုမြို့နယ် ငါးစခန်းသို့အသွား ကော့သောင်းမြို့မှ မြိတ်မြို့သို့ မောင်းနှင်လာသည့် သံခွံဆီတင်သင်္ဘောတစ်စင်းမှာ မျက်နှာချင်းဆိုင်မောင်းနှင်လာသဖြင့် ငါးဖမ်းလှေက ဝဲဘက်သို့ ဦးလှည့်၍ ရှောင်တိမ်းစဉ် အဆိုပါ (ရှေ့တွင်အင်္ဂလိပ်စာတန်းများပါရှိပြီး လူကာတန်းကို ဆေးဖြူသုတ်ထားသည့်)သင်္ဘောက ရုတ်တရက် ဝဲဘက်ခြမ်းသို့ ဦးလှည့်လိုက်သဖြင့် ငါးဖမ်းလှေကို ရုတ်တရက် ဝင်တိုက်မိခဲ့သည်။

လှေကိုတိုက်မှုကြောင့် ငါးဖမ်းလှေမှ ပဲ့နင်း ဦးဌေးအောင်နှင့် လှေသားလေးဦးတို့ ရေထဲသို့ပြုတ်ကျပြီး လှေပေါ်တွင် ကျန်ရှိသည့် အောင်မျိုးထွန်း(ခ)သားကိုနှင့် ပေါင်း မိုးပေါ်တွင် အိပ်ပျော်နေသော ညီညီဇော်တို့ နှစ်ဦးအနက် ညီညီဇော် (၁၇ နှစ်)၏ အပေါ်သို့ ပေါင်းမိုးတိုင်ကျိုးကျသဖြင့် ဒဏ်ရာများရရှိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

**ပြန်လည်ဆည်ယူ**

သေဆုံးသူ ညီညီဇော်၏အလောင်းကို မြိတ်မြို့သို့ ပြန်လည်သယ်ဆောင်ပြီး အဆိုပါလှေတိုက်မှုကို ကျွန်းစုမြို့နယ် ကံမော်ရဲစခန်းက ဇူလိုင် ၂၇ ရက်တွင် အမှုဖွင့်အရေးယူထားသည်။ နစ်မြုပ်သွားသည့် ငါးဖမ်းလှေကို ယင်းနေ့ညနေ ၅ နာရီတွင် ပြန်လည်ဆည်ယူပြီးဖြစ်ကြောင်း သိရသည်။

**လ/၀၁၄**

# ကလေးမြို့တွင် ဆူဒိုအက်ဖီဒရင်းဆေးပြားများ သိမ်းဆည်းရမိ

**ကလေး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် တာဟန်းရပ်ကွက် နယ်မြေ (၁၆)နေ ဦးရင်ကျုံးနုံး၏နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေရာ နေအိမ်မီးဖိုခန်းအတွင်း သိမ်းဆည်းထားသော ပီနန်အိတ်နှစ်လုံးဖြင့် ထည့်ထားသည့် ဆူဒိုအက်ဖီဒရင်းဆေးပြားများကို ဇူလိုင် ၂၆ ရက် ည ၈နာရီ ၁၅ မိနစ်ခန့်က ဖမ်းဆီးရမိကြောင်းသိရသည်။ ဆူဒိုအက်ဖီဒရင်းဆေးပြားများမှာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများဖြစ်ကြောင်း၊ ၎င်းဆူဒိုအက်ဖီဒရင်းဆေးပြားများကို သယ်ယူရောင်းချခွင့်မရ၍ နယ်စပ်ကျေးရွာများတွင် ဝှက်သိမ်းထားကြောင်း သတင်းရရှိသဖြင့် ရဲအုပ်လှနိုင် ဦးစီးသောအဖွဲ့၊ တာဟန်းရဲကင်းမှူး ဒုရဲအုပ် ကျဲအိုဒင်မွိုင်း ဦးစီးသောအဖွဲ့နှင့် ကလေးမူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်သန်းဇော်ဝင်းတို့ ပူးပေါင်းပါဝင်သော သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည်။ ဦးရင်ကျုံးနုံးမှာ ထွက်ပြေးသွားပြီး ၎င်း၏ဇနီးဒေါ်ဗန်ဒိုကျန်းအား ဖမ်းဆီးရမိခဲ့သည်။

ဦးရင်ကျုံးနုံး၏ နေအိမ်ကို ရှာဖွေရာ နေအိမ်မီးဖိုခန်းအတွင်းမှ ဆူဒိုအက်ဖီဒရင်းဆေးပြား ၆၃၀၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းဆေးပြားများ၏ ကာလတန်ဖိုးမှာ ငွေကျပ် သိန်း ၆၃၀ ဖြစ်ကြောင်းသိရသည်။

**သျှင်နေမင်း**

# မန္တလေးလေဆိပ်တွင် ခရီးသည်တစ်ဦးထံမှ ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးမှ မြစ်ကြီးနားသို့ သွားရောက်မည့် ပုဂ္ဂလိကလေကြောင်းလိုင်းပိုင် ခရီးစဉ်အမှတ် W9-417 ဖြင့် လိုက်ပါမည့် ခရီးသည်များကို မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် X-Rays စက်ဖြင့် ရှာဖွေနေစဉ် ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ အောင်ဇော်ထွန်း (၂၀ နှစ်)၏ ဘောင်းဘီအိတ်အတွင်းမှ သတ္တုဘူးဖြင့်ထည့်သွင်းယူဆောင်လာသည့် ဘိန်းဖြူမှုန့်ဟု ယူဆရသည့် ၀ ဒသမ ၀၁ ဂရမ်နှင့် ဆေးထိုးပိုက်တစ်ချောင်းကို သိမ်းဆည်းရရှိ၍ နယ်မြေရဲစခန်း (လေဆိပ်) က အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**


## ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ၊ ဝါတွင်းတရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်၊ **ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ**၌ ဝါတွင်း ၁၀ရက် တရားစခန်းကို ၁၇-၈-၂၀၁၃ရက်မှ ၂၆-၈-၂၀၁၃ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၇၃၁၃၃၀၂၈ တို့သို့ စာရင်းပေးသွင်းနိုင်ပြီး ၁၆-၈-၂၀၁၃ရက် ညနေ ၄း၀၀နာရီအရောက်လာကြပါရန် နှိုးဆော်အပ်ပါသည်။

စနေ၊ တနင်္ဂနွေနေ့တွင် အားလပ်သူများလည်း ၎င်းနေ့အတွင်း လာရောက်တရားအားထုတ်နိုင်ပါသည်။

## ကြေး/မြေ မိသားစု လူမှုရေးအသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးအသင်းမှ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများနှင့် ကြေး/မြေ ဝန်ထမ်းများ တက်ရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ ပါဝင်လှူဒါန်းလိုသူများ ဦးဝင်းထွန်းနီ၊ ဦးကျင်ထွန်း၊ ဦးသန်းတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

နေ့ရက် - ၂၁-၈-၂၀၁၃ ရက် (ဝါခေါင်လပြည့်၊ ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် ၁၀ နာရီ
နေရာ - မြေစာရင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားအလယ်ပစ္စယာ၊ ဗဟန်းမြို့နယ်။

**အမှုဆောင်အဖွဲ့၊ ကြေး/မြေ လူမှုရေးအသင်း**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရှမ်းကုန်းလမ်း၊ အမှတ် ၅၄ နေ (ဦးအောင်သန်း၊ ဌာနခွဲမှူး-ငြိမ်း၊ စစ်ဆေးရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်မြင့်မြင့်တင်တို့၏သားထွေး၊
ကိုနိုင်ကိုကို-မမြတ်မြတ်သိန်း၊ ကိုသန့်ဇင်ဦးတို့၏ညီ၊
ကိုကျော်ဇောလင်း-မလှဝင်းခိုင်တို့၏မောင်

**မောင်ကျော်စွာစိုး**

**B.Sc(Maths)**
**Diploma in Building Technology(Yangon Technology University)**
**Planning Engineer(Structure),Shimizu Corporation, Singapore**

**နှင့်**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ ဇာဓိလမ်း၊ အမှတ် ၁၃၆ နေ ဦးဝင်းမောင်-ဒေါ်တင်လှတို့၏ တစ်ဦးတည်းသောသမီး

**မမွန်း**

**B.A(Hons), MA in English(Yangon University)Diploma i English Language Proficiency**
**(S.E.A.M.E.OC.H.A.T)**
**Admisnistrator cum in-incharge of Account Payable for NHC Project, Shimizu Corporation, Singapore**

တို့သည် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်မိဘများရှေ့မှောက်၌ မင်္ဂလာလက်မှတ်ရေးထိုးပြီး၊ ၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံ၊ NTU Alumini Club One-North, Yunnan Garden Restaurant (Ballroom)တွင် မိဘများရှေ့၌ မိဘများသဘောတူညီခွင့်ပြုချက်ဖြင့် မင်္ဂလာဧည့်ခံပွဲကျင်းပ၍ ထိမ်းမြားလက်ထပ်ပြီးစီးပြီး ဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်စွာစိုး-မမွန်း**

## OTS-29 နှိုးဆော်ချက်

ရွှေတိဂုံစေတီတော် အနောက်ဘက်စက်လှေကားစောင်းတန်းသစ် အခန်းနှစ်ခန်းအတွက် လှူဒါန်းရန် ကျပ်သိန်း(၁၆၀)အနက် ပထမအကြိမ် အလှူငွေကျပ် (၉၃)သိန်း (၁)သောင်းနှင့် ဒုတိယအကြိမ် အလှူငွေကျပ် (၂)သိန်းခွဲကို ၂၀၁၃ခုနှစ် ဇူလိုင် ၁၃ရက်နှင့် ၂၉ရက်များတွင် ရွှေတိဂုံဂေါပကထံ လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ လှူဒါန်းရန် ကျန်ငွေ ကျပ်(၆၄)သိန်း (၄)သောင်းကိုလည်း လာမည့်စက်တင်ဘာလမကုန်မီ အောက်ပါ အကျိုးဆောင်များထံ ပေးပို့လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။ လှူဒါန်းငွေကို ဂေါပကထံသို့ အပတ်စဉ် သွားရောက်လှူဒါန်းပေးလျက်ရှိပြီး တစ်ဦးချင်းစီသို့ အနုမောဒနာ ဂုဏ်ပြုလွှာများကိုလည်း အကျိုးဆောင်များက ပို့ပေးလျက်ရှိပါကြောင်း သတင်းပါးအပ်ပါသည်။

**ဗိုလ်သင်တန်း-၂၉ အကျိုးဆောင်အဖွဲ့**

ဦးအောင်သိန်း ဖုန်း-၀၉-၄၃၀၈၆၀၀၁၊ ဦးစောငွေ ဖုန်း-၀၉-၅၀၀၄၂၄၊ ဦးမောင်မောင် ဖုန်း-၀၉-၅၀၀၆၅၆၁၊ သူရအောင်ကြည် ဖုန်း-၀၉-၇၃၀၉၁၄၂၄၊ သူရဆွေဝင်း ဖုန်း-၀၁-၅၀၀၂၇၅၊ ဦးမြင့်မော် ဖုန်း-၀၁-၅၅၆၁၉၈၊ ၀၉-၃၁၂၇၈၃၀၆

ဗသက(၈၉) (စည်သူ) ကျောင်းဆင်းအရာရှိများမှ (ကျဆုံး၊ သေဆုံး)သွားသော သူငယ်ချင်းများအားရည်စူး၍ နှစ်ပတ်လည် အလှူဒါနပြုလုပ်ခြင်းနှင့် ညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ တက်ရောက်ပေးနိုင်ပါရန်

**ဖိတ်ကြားအပ်ပါသည်-**

**ကျင်းပမည့်ရက်** - ၃-၈-၂၀၁၃ ရက် (စနေနေ့)
**အလှူဒါနကျင်းပမည့်နေရာ** - နေပြည်တော်၊ ဘူးကွဲရွာဦးဘုန်းကြီးကျောင်း (ဆွာလမ်းဆုံအနီး)
**ကျင်းပမည့်အချိန်** - နံနက် ၀၆း၀၀ နာရီ
**ညစာစားပွဲကျင်းပမည့်နေရာ** - ရွှေရင်ချွမ်(၂)၊ ရာဇဌာနီလမ်းဘေး၊ နှင်းဆီပန်းအဝိုင်းအနီး
**ကျင်းပမည့်အချိန်** - ညနေ ၁၈း၀၀ နာရီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၅၂၇၅၉ KENBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စက်မိုင် ၉/မထလ(နိုင်)၀၀၄၈၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မိတ္ထီလာမြို့)**

## လူပျောက်ကြော်ငြာ

ဟိုပင်မြို့၊ ပြည်ထောင်စုလမ်းမကြီး၊ မြသီတာရပ်ကွက်၊ အမှတ်(၈)နေ မယဉ်ယဉ်ဝင်း ၁/ဟပန(နိုင်)၀၁၅၁၇၆သည် ၄-၇-၂၀၁၃ရက် မွန်းတည့် ၁၂နာရီခန့်တွင် နေအိမ်မှ ဖားကန့်ဒေသသို့ ငွေသွားယူမည်ဟု အစ်မဖြစ်သူအား ပြောဆိုပြီး တစ်ဦးတည်းထွက်သွားခဲ့ရာ ယနေ့အချိန်ထိ အဆက်အသွယ်မရှိတော့ဘဲ ပျောက်ဆုံးသွားခဲ့၍ ၎င်းအား တွေ့မြင်သိရှိသူများနှင့် လက်ခံထားရှိသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း အကြောင်းကြားအပ်နှံပေးပါရန် မေတ္တာရပ်ခံပါသည်။ လက်ခံထားရှိသူများ အပ်နှံရန်ပျက်ကွက်ခဲ့ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၎င်း မယဉ်ယဉ်ဝင်းနှင့်စပ်လျဉ်း၍ ထိုရက်ပိုင်းအတွင်း ဖြစ်ပေါ်လာသည့်ကိစ္စမှန်သမျှကို မိသားစုဘက်မှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မဝါဝါဝင်း**
**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၀၀၀၅၅၇၆၁**

## ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)

### ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရွှေတောင်မြို့နယ်၊ ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်) က ကြီးမှူး၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲကို ဩဂုတ်လ (၄)ရက် (တနင်္ဂနွေနေ့) နေ့လည် (၁)နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပဉ္စနိကာယသာသနဗိမာန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါသည်။ တိုက်နယ်သူ တိုက်နယ်သားများအားလုံး တက်ရောက်ကြပါရန်နှင့် စာမေးပွဲအောင်စာရင်းနှင့် ဝါဆိုသင်္ကန်းကပ်လှူလိုသူများကြိုတင် ဆက်သွယ်စာရင်းပို့ကြပါရန် အသင်းတည်ရာဖုန်း - ၀၉၅၁၅၁၅၁၄၊ ဥက္ကဋ္ဌ ဦးတင်ညွန့်၊ ဖုန်း-၀၉၇၃၁၆၀၂၄၈၊ ဒုဥက္ကဋ္ဌ ဦးသိန်းနိုင်၊ ဖုန်း - ၀၉၅၁၃၀၄၄၀၊ ဒုဥက္ကဋ္ဌ ဦးလှစော၊ ဖုန်း-၀၉၄၅၀၀၃၈၂၅၄၊ အတွင်းရေးမှူး ဦးဝင်းနိုင်၊ ဖုန်း-၀၉၄၀၀၀၃၉၅၇၉ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

## တောင်ငူမြို့နယ်အသင်း(ရန်ကုန်) (အုတ်တွင်း၊ ထန်းတပင်)

### ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

တောင်ငူမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၅-၈-၂၀၁၃( ၁၃၇၅-ခုနှစ်၊ ဝါခေါင်လဆုတ်(၄)ရက်၊ တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်နှင့်နေရာ - နံနက် (၀၉း၀၀)နာရီ မင်္ဂလာဈေးမွှာရုံ ကြားတောရလမ်း၊ ကြေးသွန်းဘုရားကြီးရှေ့၊ ဗဟန်းမြို့နယ်။

ဝါဆိုသင်္ကန်း လှူဖွယ်ပစ္စည်းနှင့် ဂုဏ်ထူးရ အသင်းဝင်ပြီးသူများ၏ သား/သမီးများ အမှတ်စာရင်း၊ အထောက်အထားမိတ္တူတို့ကို (၁၅-၈-၂၀၁၃)နေ့ နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ စာရင်းပေးသွင်းကြပါရန်။

ဦးစိုးသိန်း(ဥက္ကဋ္ဌ) ၀၉-၇၃၁-၅၅၈၄၃၊ ဦးတင်လှ(အတွင်းရေးမှူး) ၀၉-၇၃၂-၂၄၆၉၃၊ ဒေါ်မြင့်မြင့်စန်း(ဘဏ္ဍာရေးမှူး) ၀၉-၅၁၂၅၄၄၅၊ ဒေါ်မြင့်မြင့်ရီ ၀၉-၅၆၆-၁၇၉၀

## အများသိစေရန်

ကျွန်မ မပွင့်ကေသီမောင်မောင် ၁၂/ရကန(နိုင်)၀၆၇၇၅၉နှင့် ကိုကျော်စိုးဟန် ၁၂/ပဇတ(နိုင်)၀၃၁၆၄၂တို့သည် ၅-၁-၂၀၁၃ရက်မှစ၍ နှစ်ဖက်သော မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများရှေ့မှောက်တွင် တရားဝင် လူသိရှင်ကြား လက်ထပ်ခဲ့ကြပါသည်။ သို့ရာတွင် ကိုကျော်စိုးဟန်သည် ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလမှစ၍ ခွင့်မလွှတ်နိုင်သော လူမှုရေးဖောက်ပြန်မှုကို ကျူးလွန်နေပါသဖြင့် ၁၁-၇-၂၀၁၃ရက်တွင် တရားဝင်စာချုပ်စာတမ်းဖြင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မပွင့်ကေသီမောင်မောင်**
**၁၂/ရကန(နိုင်)၀၆၇၇၅၉**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ



# ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ မြန်မာအသင်း ရွှေနှစ်၊ ငွေလေး၊ ကြေးခြောက်ရရှိ

**ရန်ကုန် ဇူလိုင် ၃၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၂၅ရက်မှ ၂၉ရက်အထိ ကျင်းပခဲ့သော ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားအဖွဲ့သည် ရွှေနှစ်ခု၊ ငွေလေးခု၊ ကြေးခြောက်ခု ဆွတ်ခူးခဲ့ပြီး နိုင်ငံအလိုက် အဆင့်သုံးရရှိကာ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အတွင်းရေးမှူး ဦးအောင်နိုင်ဆွေ ခေါင်းဆောင်သည့်အဖွဲ့သည် ဇူလိုင် ၂၉ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြူနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီး (၇၈)ကီလိုတန်းတွင် အေးအေးအောင်က ရွှေတစ်ခု၊ အမျိုးသား(၉၀)ကီလိုတန်းတွင် ဇင်လင်းအောင်က ရွှေတစ်ခု၊ အမျိုးသား ၅၅ကီလိုတန်းတွင် ကပ်ကျင်းပေါင်၊ ၆၀ ကီလိုတန်းတွင် ဟိန်းလတ်ဇော်၊ ၆၆ကီလိုတန်းတွင် စောမိုင်းစံ၊ အမျိုးသမီး ၅၇ကီလိုတန်းတွင် သဥ္ဇာစိုးတို့က ငွေတစ်ခုစီ၊ အမျိုးသမီး ၄၅ကီလိုတန်းတွင် စဲလ်ဝီး၊ ၆၃ ကီလိုတန်းတွင် အေးအေးသင်း၊ ၇၃ ကီလိုတန်းတွင် ဇော်နိုင်၊ ၇၈ ကီလိုတန်းတွင် ခင်မျိုးသူ Nageno Kata နှင့် Juno Kata ပြိုင်ပွဲတွင် ကြေးခြောက်ခု အသီးသီး ဆွတ်ခူးအောင်ပွဲဆင်နိုင်ခဲ့သည်။

၄င်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဓမ္မစကူး-ညောင်တုန်း လူငယ်ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်

**ညောင်တုန်း ဇူလိုင် ၃၁**

ညောင်တုန်းမြို့တွင် ဓမ္မစကူး ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပပြုလုပ်သော ဓမ္မစကူး- ညောင်တုန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က လမ်းမတော်လမ်းရှိ သွန်းဘုရားကြီးဝင်းအတွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများအား အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်လာစေရန်နှင့်လိမ္မာရေးခြားရှိစေရန်အတွက်ရည်ရွယ်ပြီး အခြေခံဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန် ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် ဘဒ္ဒန္တရာဟုလာ (B.A. Buddhism) က ဦးဆောင်၍ ဆရာ ဆရာမ ၃၆ဦး ကြီးကြပ်ကာ ကျောင်းသား ကျောင်းသူများအား ကိုယ်ကျင့်တရားကောင်းမွန်ကာ ယဉ်ကျေးလိမ္မာပြီး ဗုဒ္ဓဘာသာ အခြေခံတရားတော်များကို ကလေးဘဝမှစ၍ သိရှိနားလည်နိုင်စေပြီး ကိုယ်ကျင့်တရားနှင့် စာရိတ္တကောင်းမွန်သော ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဆရာတော် ဦးရာဟုလာ(ဗုဒ္ဓတက္ကသိုလ်)က အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါ ဓမ္မစကူး-ညောင်တုန်း ယဉ်ကျေးလိမ္မာများကို ညောင်တုန်းမြို့ပေါ်တွင် ခုနစ်နေရာနှင့် ကျေးရွာအုပ်စုနှစ်နေရာတို့တွင် ကျောင်းသား ကျောင်းသူများအား တနင်္ဂနွေနေ့/ ဥပုသ်နေ့တိုင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူ ၁၂၀၀ တက်ရောက်လျက်ရှိကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား အာဟာရဒါနကုသိုလ်ပြု အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။ **ကိုထွန်းကျော် (ညောင်တုန်း)**

# အခွန်ပညာပေးဆွေးနွေးပွဲ မြိုင်မြို့အထက(၁)၌ ကျင်းပ

**မြိုင် ဇူလိုင် ၃၁**

ပြည်တွင်းအခွန်များဦးစီးဌာန မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အခွန်ဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံပညာအလယ်တန်းကျောင်းသားကျောင်းသူများ အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၅ရက် ညနေ ၃နာရီက အထက(၁)ခန်းမ၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်ဝင်းက အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အခွန်ဂျာနယ်စာအုပ်များ အခမဲ့ပေးဝေခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

# အခွန်ဆိုင်ရာပညာပေး ဟောပြော

**ကညွတ်ကွင်း ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ပြည်တွင်းအခွန်များဦးစီးဌာန၏စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာသိကောင်းစရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်း မြရတနာခန်းမတွင် ကျင်းပသည်။ ဟောပြောပွဲတွင် ဖြူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမြင့်စိုးအောင်က အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များဖြစ်သော ဥပဒေ၊ နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများဖတ်ရှုရန်အတွက် ဒုတိယဦးစီးမှူး ဦးမြင့်စိုးအောင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝေထံ အသိပညာပေးစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၀၄၆)**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ခနောဖြူ၌ ကျင်းပ

**ခနောဖြူ ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနောဖြူမြို့နယ်တွင် သစ်တောဦးစီးဌာနမှကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ခနောဖြူမြို့နယ် ရေကွင်းကုန်းကျေးရွာအုပ်စု တာကြီးပိုင်း-တပ်ကုန်း (အမက)ကျောင်းရှေ့တွင် ဇူလိုင် ၁၇ရက် နံနက် ၈ နာရီကကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်မောင်ဝင်း၊ သစ်တောဦးစီးဌာန ညောင်တုန်းမြို့နယ်၊ မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းကို၊ ခနောဖြူမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသိန်းစိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၅၀ခန့်ဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မဟော်ဂနီ စုစုပေါင်းအပင် ၅၀၀တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပေပေ ပိုလ်ချုပ်စိန်လင်း(ငြိမ်း)-မေမေ ဒေါ်အေးအေးလွင်တို့၏ ၁-၈-၂၀၁၃ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာဆုတောင်း

မေတ္တာတရား၊ နှစ်ဦးသား၌
ထင်ရှားသရွေ့၊ အင်အားပြည့်လျက်
ချမ်းမြေ့ရိပ်မြုံ၊ ဖြစ်တည်ခဲ့။
သူလည်းရွှင်ကြည်၊ ကိုယ်လည်းရယ်ပြုံး
ချစ်စထုံးနှောင်၊ ခိုင်မြဲအောင်လျှင်
ယူဆောင်သက်တမ်း၊ တွက်စစ်မှန်းသော်
ချစ်လမ်းခရီး၊ သားသမီးနှင့်
ဖွားစည်းမြေးချစ်၊ ဖြစ်ထွန်းသစ်၍
(၃၉)နှစ်တိုင်ခဲ့ပြီ။
ရှေ့ဆက်လှမ်းရာ၊ ခရီးတာဝယ်
မေတ္တာ ကရုဏာ၊ ဝေဖြိုးကာဖြင့်
မာတာမိခင်၊ ချစ်ဖခင်တို့
တူယှဉ်မသွေ၊ ရှိစေလိုငြား
သမီးသားတို့၊ ဝပ်တွားဂါရဝ
ပြုပါရ၏။
စာသ-သပြေနု မြိုင်စေသော်(ဝ်)
ကာလ-ရွှေရတု တိုင်စေသော်(ဝ်)
အချစ်များစွာတို့ ခိုင်စေသော်(ဝ်)
မေတ္တာရနံ့တို့ ကြိုင်စေသော်(ဝ်)။ ။

**သားကြီး** - **ကိုအေးကျော်လင်း-မခိုင်သဇင်**
**သမီး** - **ကိုနန္ဒာလှမြင့်-မသဇင်အေးလင်း**
**သားငယ်** - **ကိုကျော်ရဲလင်း-မပိုးအိဖြူ**
**မောင်မောင်**
**မြေးများ** - **မောင်မင်းခန့်ဟိန်း(ဂျီးဂျီး)**
**မရွှန်းလဲ့ရည်မွန် (ရွှေပုံ့)**
**မလင်းဝသဿန်ဦး (ယုန်လင်း)**
**ခန့်သီရိမောင် (ဂူးဂူး)**
**?**

# OTS-98 (သူရတပ်ခွဲ) တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၁၆)နှစ်မြောက် တွေ့ဆုံပွဲ တက်ရောက်ကြပါရန်

စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကျဆုံး/သေဆုံးသူငယ်ချင်းများအတွက် အမျှပေးဝေခြင်းကို ၁၈-၈-၂၀၁၃ရက် နံနက် ၈နာရီမှ ၁၂နာရီအထိ ဗုဒ္ဓဝိဝေကမဟာသမ္မတကျောင်းတိုက် (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ သွေးဆေးကန်အရှေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး မိသားစုနှင့်အတူ တက်ရောက်ကြပါရန်နှင့် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

| | | ရက်စွဲ | နေရာ | | အချိန် |
|---|---|---|---|---|---|
| **ရန်ကုန်** | | **၁၈-၈-၂၀၁၃** | **M3 Food Center (ပိတောက်ခန်းမ)** | | **၁၈း၀၀နာရီ** |
| | နိုင်ဦး | ဖုန်း- ၀၉-၄၂၀၂၆၀၃၈၂ | ခင်မောင်ဇော် | ဖုန်း- ၀၉-၅၁၉၄၀၀၂ | |
| | ရဲတင်ဦး | ဖုန်း- ၀၉-၄၂၀၀၅၇၃၆၅ | ရန်ငြိမ်းချမ်း | ဖုန်း- ၀၉-၄၉၂၁၉၀၂၂ | |
| | မြင့်ကြည် | ဖုန်း- ၀၉-၂၀၃၂၆၃၄ | ကျော်စိုးဝင်း | ဖုန်း- ၀၉-၄၉၃၀၈၄၃၅၊ | |
| | ခမ်းဆောင် | ဖုန်း- ၀၉-၅၁၉၆၈၀၈ | | ၀၁-၂၂၉၂၂၁ | |
| | အေးဖေ | ဖုန်း- ၀၉-၈၆၀၁၁၉၆ | ခိုင်ကိုကိုလွင် | ဖုန်း- ၀၉-၇၃၀၀၄၆၁၇ | |
| **နေပြည်တော်** | | **၁၈-၈-၂၀၁၃** | **ရွှေရင်ချမ်းစားသောက်ဆိုင်** | | **၁၉း၀၀နာရီ** |
| | ခင်မောင်သိန်း | ဖုန်း- ၀၉-၄၃၁၂၃၃၀၃ | စိန်မောင် ဖုန်း-၀၉-၄၂၀၇၀၆၈၀၃ | | |
| | မြင့်ဆန်း | ဖုန်း- ၀၉-၄၉၂၁၇၈၂၉ | | | |
| **မန္တလေး** | | **၁၈-၈-၂၀၁၃** | **ကုက္ကိုကျွန်းစားသောက်ဆိုင်(ကန်တော်ကြီး)** | | **၁၈း၀၀နာရီ** |
| | အောင်အောင် | ဖုန်း-၀၉-၂၀၆၁၅၁၁ | | | |

**အမှုဆောင်အဖွဲ့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်(မြိတ်)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပရိဘောဂပစ္စည်းများအား ပစ္စည်းအမျိုးအမည် တစ်ခုချင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | သစ်သားဗီရို(၆'×၃'×၁.၆") | ၇ လုံး |
| ၂။ | မှန်ဗီရို(၆'×၃'×၁.၆") | ၅ လုံး |
| ၃။ | ဓာတ်ခွဲခန်းသုံးစားပွဲ(၈'×၄'×၃.၅") | ၅ လုံး |
| ၄။ | ကုလားထိုင်(လက်တန်းမပါ) | ၃၄ လုံး |
| ၅။ | စားပွဲ (၅'×၃'×၂.၆") | ၁၇ လုံး |

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၈-၂၀၁၃ ရက်၊ ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၈-၂၀၁၃ ရက်၊ ၀၉း၀၀နာရီ
**တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - နည်းပညာတက္ကသိုလ်(မြိတ်) ကျောင်းအုပ်ကြီးရုံးခန်း၊
**ဖုန်း-၀၉-၈၇၆၂၂၈၈၊ ၀၉-၈၇၆၂၂၅၈**

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံကို နည်းပညာတက္ကသိုလ်(မြိတ်)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၀၁၄၁ (ကမ-၃)ပျောက် ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမင်းသိန်း ၉/အမဇ(နိုင်)၀၁၉၄၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ မောင်ခင်လမ်း၊ အမှတ် (၁၃/၇၄)နေ ဦးကိုကြီး ၉/ပမန(နိုင်)၀၂၅၀၅၉၏သား ကိုမောင်မောင်စံ ၉/ပမန(နိုင်)၀၂၅၁၃၅ သည် ဖခင်၏ဆိုဆုံးမစကားကိုနားမထောင်ဘဲ မိမိသဘောဆန္ဒအရ အိမ်ပေါ်မှဆင်းသွားသည့်အတွက် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ကိုမောင်မောင်စံနှင့်ပတ်သက်၍ မည်သည့်ပြဿနာ တစ်စုံတစ်ရာကိုမှ ဖခင်နှင့်မောင်နှမများမှသော်လည်းကောင်း၊ ဇနီးမှသော်လည်းကောင်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လှမျိုးဝင်း LL.B** | **ဒေါ်စုဒါလီအောင် LL.B (ဥပဒေဘွဲ့)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၅၀)** |
| | **အမှတ် (၁/၈၃)၊ ကြံကုန်ထုတ်လမ်း၊** |
| | **ကံဦးရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်** |

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ယောမင်းကြီး ၂ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(UE-၂)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၂၃၀)၊ ဧရိယာပေ (၄၀×၆၀)အကျယ်အဝန်းရှိ မြေအမျိုးအစား-ပါမစ်မြေကွက်ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကံရင်မှအမည်ပေါက်ပြီး ၄င်းထံမှ ဦးအောင်ကြည်ဝင်း ၁၂/စခန(နိုင်)၀၄၂၀၇၃က ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ၄င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမိုးမင်းဆွေ** | **ဒေါ်ခင်မာနွယ်** | **ဒေါ်ဟန်သီစိုး** |
| **LL.B, D.B.L** | **LL.B, D.B.L** | **LL.B, IDCS, IADCS** |
| **(စဉ်-၂၈၆၄၁)** | **(စဉ်-၃၁၀၇၀)** | **(စဉ်-၃၉၄၄၇)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၁၃၆/၁၃၈)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ညောင်ဦးမြို့နယ်တရားမရုံး၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉**

မသင်း **နှင့်** ကိုရဲဝင်းကြိုင်
**တရားလို** **တရားပြိုင်**

ညောင်ဦးမြို့နယ်၊ ထီးပုကျေးရွာနေ ကိုရဲဝင်းကြိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မသင်းက ကတိပျက်လျော်ကြေးငွေ ၂၀၀၀၀၀ိ/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၅ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်ညွန့်ညွန့်လွင်(တ/၁၇၇၀)**
**မြို့နယ်တရားသူကြီး**
**ညောင်ဦးမြို့နယ်တရားရုံး**

# လူမှုရေးကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကွန်းဆိုင်(နေဖြူ) (သန်လျင်တောရ)

အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၃၁နေ (ဦးဘဝင်း-ဒေါ်စု)တို့၏သားထွေး၊ နေဖြူမြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်မြရင်)တို့၏ သားသမက်၊ ဒေါ်ခင်မာဝင်း၏ခင်ပွန်း၊ ဦးကျော်ကျော်ဆိုင် (A1 ဆောက်လုပ်ရေး)-ဒေါ်ယဉ်ယဉ်နိုင်(စာရင်းစစ်၊ စာရင်းစစ်ချုပ်ရုံး)၊ဒေါ်သင်းသင်းဆိုင်-ဦးဇော်မင်းမင်း(Australia)၊ဦးကျော်လွင်ဆိုင်-ဒေါ်ခင်ဆွေဆင့်(Australia)၊ ဒေါ်လဲ့လဲ့ဆိုင်၊ ဒေါ်သီဂီဆိုင်-ဦးဘိုဘိုအောင်၊ ဦးကျော်ဇင်ဆိုင် (အထက်တန်းရှေ့နေ)၊ မနီလာဝင်းဆိုင်တို့၏ဖခင်၊ ကောင်းစံထိုက်၊ ကောင်းဆက်ထွန်း၊ ဖွဲ့ရာဇာမင်း၊ ညီသုတတို့၏အဘိုးသည် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၆း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကြည်ထွန်း

**(Chemist-Sundat, Singapore)**

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊အမှတ် ၂၁၊ အထက်မန္တလေးလမ်းသွယ်(၂)လမ်းနေ (ဦးအာသာတင်ထွန်း-ဒေါ်ဂျူးစပင်း)တို့၏ သားကြီး၊ ဦးမြင့်သိန်း-ဒေါ်မူမူ၊ ဦးကြည်နီ(MOB)၊ (ဦးကြည်ဝင်း)၊ (ဦးဆန်နီ)၊ ဒေါ်အဲမာရိစ်ထွန်း(ခ)မမိမိထွန်း၊ ဦးအဲဒဝင်ထွန်း-ဒေါ်အေးသန္တာစိုး(ရိုးမဘဏ်)၊ဦးဒေးဗစ်ထွန်း(M.O.B)-ဒေါ်သန်းသန်းဝေ၊ ဒေါ်မိုးမိထွန်း(M.O.B)၊ ဒေါ်မိုးမိ လေး(M.E.B-2)၊ ဦးဆန်းဝင်း၊ မရှယ်လီတို့၏အစ်ကိုကြီး၊ တူ၊တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၂၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ခင် (အပါ)

**Pre-War TTC**

ရွှေတိဂုံအထက်ပစ္စယာအသင်းနာယက

အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ(ဒေါက်တာနာယား-ဒေါ်သိန်းမေ)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်ရီရီဝင်း)၏ခင်ပွန်း၊ (ဒေါက်တာအောင်ငြိမ်း-ဒေါ်မမကြီး)၊ (ဦးကိုကိုကြီး-ဒေါ်မမလေး)၊ (ဒေါက်တာတင်အောင်)- ဒေါက်တာဒေါ်မြဆွေ(ငြိမ်း)တို့၏မောင်၊ (ဒေါ်ရင်ရင်တင့်)၊ ဗိုလ်မှူးဒေါ်ခင်သန်းမြင့်(ငြိမ်း)၊ [ဗိုလ်မှူးခိုင်မြင့် (ငြိမ်း)]၊ (ဦးအောင်မြင့်-ဒေါ်ခင်ချောနွယ်)၊ [ဗိုလ်မှူးရဲညွန့်(ငြိမ်း)]-ဒေါ်ခင်ထားနွယ်၊ ဦးဖေသန်း-ဒေါ်စန်းစန်းလွင်တို့၏အစ်ကို၊ (ဦးနိုင်အောင်)-ဒေါ်သီဂီထွန်း၊ ဦးအေးအောင်၊ ဒေါ်စန္ဒာအောင်-ဦးခင်မောင်ထွန်း၊ ဦးမင်းအောင်-ဒေါ်သန္တာလှမြင့်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ် ငါးယောက်တို့၏အဘိုးသည် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၃ ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၁၈-ဒီ၊ အိမ်ကြီး လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ဝင်း

ဒေးဒရဲမြို့နယ်အသင်း(၁၆၉၃)

အမက၊ အဝပြန် မူအုပ်(ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ [ဦးကျော်မြင့်(ခ)ကျုံဒါးကျော်မွန်)]၊ (ဦးမြင့်ဆွေ)၏ဇနီး၊(ဦးသိန်းညွန့်)၊ ဒေါ်ခင်ထားရီ၊ ဒေါ်ခင်ထားကြည်တို့၏ညီမ၊ ကိုခိုင်ဝင်းသိုက်၊ ကိုခိုင်ဝင်းထိုက်၊ ကိုအောင်မြင့်ကို၊ ဆရာမဒေါ်ဇင်မမငယ် (အထက၊ ကျုံဒါး)တို့၏မိခင်သည် ၂၉-၇-၂၀၁၃ရက် နံနက် ၁၀နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာပဆေးရုံကြီးမှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဒေးဒရဲမြို့နယ်အသင်း
အမှုဆောင်အဖွဲ့

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်တွေမြို့၊ ညဝတီရပ်ကွက်နေ မဝင်းစိန် ၁၁/စတန(နိုင်)၀၈၂၄၇၀၏ ဖခင်မှာ ဦးမောင်သန်းစိန် ၁၁/စတန(နိုင်)၀၂၅၀၁၄ နှင့် ဦးအောင်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်မ၏သား ဦးကျော်ကျော် ၁၂/မဂဒ(နိုင်)၀၀၇၀၉၇ သည် ကျွန်မ မိခင်ကြီးအား ဝစီကံ၊ မနောကံ အလီလီကျူးလွန်သည့်အပြင် ကာယကံမြောက်မိခင်ကို ဘေးအန္တရာယ် အမျိုးမျိုးပြုလုပ်သည့်အတွက် သွာနုတ္တသားအဖြစ် ကြေညာအပ်သည့်အပြင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ခင်ရွှေ**
**၁၂/ဥကတ(နိုင်)၀၁၉၀၉၁**

## ဒေါ်ခင်သီ(ခ)

## ကျောက်ကျားလန်

အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ် ၃၃နေ (ဦးစိန်ရွှေ-ဒေါ်စက်ခွန်)တို့၏သမီး၊ ဦးလှမြင့်-ဒေါ်ခင်မြရီ၊ဦးမောင်မောင်-ဒေါ်မြင့်မြင့်သောင်းတို့၏အစ်မ၊ ဦးစီကိုကို၊ ဦးသိန်းရွှေ-ဒေါ်ခင်မာရီ၊ ဦးသိန်းစိုး-ဒေါ်စန္ဒာဦး၊ ဦးခင်မောင်သိန်း-ဒေါ်ခင်သီတာ၊ (ဦးအောင်မိုး)၊ (ဒေါ်ခင်မြသန်း)၊ ဦးဟန်လှစိန်-ဒေါ်ခင်စန္ဒာဝင်းတို့၏မိခင်၊ မြေး လေးယောက်တို့၏အဘွား၊ [ဦးစိန်ကို(ခ)ဦးမာကော့လုံ]၏ဇနီးသည်၂၉-၇-၂၀၁၃ ရက် (တနင်္လာနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နေ့လယ်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊

ဇရပ် ဒါယိကာမကြီး

## ဒေါ်ကြည်(ခ)ဒေါ်ကြင်ရ

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၉၃၊ ဒုတိယထပ်(ဝဲ)နေ (ဦးသန်းဦး)၏ဇနီး၊(ဦးသိန်းမောင်)-ဒေါ်ရှုရီ၊ ဦးချုံကျန်-ဒေါ်အိုက်ဗှာ၊ ဦးလေးလုံး-ဒေါ်လိဗှာ၊ ဦးဖုချန်း-ဒေါ်ရှန့်ကျယ်၊ (ဦးဇော်မြင့်) - ဒေါ်စန်းအေး၊ ဦးသန်းထွေး-ဒေါ်ဇွေ့ရှန်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက် တို့၏အဘွားသည် ၂၉-၇-၂၀၁၃ ရက် (တနင်္လာနေ့)ည ၉း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၃ရက် (သောကြာနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ၊

နတ်လမ်း ဒါယကာကြီး

## ဦးရီစိန်(ခ)

## ဦးအောင်မြင့် (ဘိုကလေး)

အသက်(၇၉)နှစ်

ဘိုကလေးမြို့၊ အမှတ် ၄၄၊ ကမ်းနားလမ်းနှင့်ရန်ကုန်မြို့၊ အမှတ် ၆၉ (ပထမထပ်)၊ ၈လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ကြင်လှိုင်၊ (ဒေါ်ကြင်ရွှေ)တို့၏မောင်၊ ဒေါ်ကြင်အေး၏ခင်ပွန်း၊ ကိုတင်ဦး-မတင်တင်နွဲ့၊ကိုစိုးရ(C/E)-မသန်းသန်းမြင့်၊ ကိုဆန်းဦး၊ (ကိုစိုးဦး)၊ ကိုသန်းလှိုင်-မမြင့်မြင့်ကြည်၊ မကြည်ကြည်မြင့်၊ ကိုကျော်ကျော်ဦး-မနှင်းမွှန်ဦး၊ ကိုဖြိုးမြတ်သူတို့၏ဖခင်၊ မအိမ့်ဆုမွန် (ခ) Orchid (ILBC)၊ မောင်ပိုင်ဇေယျာ ဦးတို့၏အဘိုးသည် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၃ရက် (တနင်္လာနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အမှတ် ၆၉၊ ၈လမ်း၊ (ပထမထပ်) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရတနာပုံ ဗုဒ္ဓဘောဇနီယ ဥဿာဟအသင်းကြီး၏ဥက္ကဋ္ဌ

## ဦးစောမောင်

စိန်စိန်မြ သံသေတ္တာနှင့် အလှကုန်စတိုး ဈေးချို

အသက်(၇၇)နှစ်

မန္တလေးမြို့၊ ၂၅လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားနေ ဒေါ်သန်းငွေ၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရတနာပုံ ဗုဒ္ဓဘောဇနီယ ဥဿာဟအသင်းကြီး
မန္တလေးမြို့

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကြား(မြန်မာဘရူဝါရီလီမိတက်)-ဒေါ်ညိုဝင်း မိုမို့တို့၏ညီမ ဒေါ်နီနီထွေး B.Sc(Math),B-Tech(Civil) အသက်(၃၈)နှစ်သည် ၂၈-၇-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**ဦးကျော်ကျော်လင်း-ဒေါ်မိုးမိုးဝင်း**

**(New Age Gabar Company Ltd.)**

## အမည်ပြောင်း

ဦးသိန်းနိုင်-ဒေါ်မြသွယ်တို့၏ သားပခန်းကြီး၊ အထကမှမောင်တင်ဌေးလင်းအား ယနေ့မှစ၍ မောင်တင်ဌေးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်တင်ဌေးအောင်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(အတွဲ-၁ B)မှ မောင်လင်းသူရိန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသိန်းအေး ဖြစ်ပါကြောင်း။

**ဦးသိန်းအေး ၁၁/စကန(နိုင်)၀၁၉၇၀၁**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဇာနည်နေသာ

အသက်(၂၉)နှစ်

**(Assitance General Manager)**

**မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ Enterprise**

အမှတ်(၁၀၅)၊ ၂၃လမ်း၊ လသာမြို့နယ်နေ မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ Enterprise ၏ Assitance General Manager ဒေါက်တာဇာနည်နေသာသည် ၂၇-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်စွာဟိန်း**
**Myanmar Art Contruction Co.,Ltd မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဇာနည်နေသာ

အသက်(၂၉)နှစ်

**(Assitance General Manager)**

**မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ Enterprise**

အမှတ်(၁၀၅)၊ ၂၃လမ်း၊ လသာမြို့နယ်နေ မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ Enterprise ၏ Assitance General Manager ဒေါက်တာဇာနည်နေသာသည် ၂၇-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့်-ဒေါ်တင်တင်ဦးမိသားစု**

## ဦးကျော်စိုး (မြိတ်)

**B.A, H.G.P, R.L**

အောင်ဆန်း-၄ (တရားရေး)

ကျော်စိုး(စိတ်ပညာ)

(ဆလုံရိုးရာ၊ ဆလုံစရိုက်-စာအုပ်)

အသက်(၆၉)နှစ်

(ဦးဘခွေး-ဒေါ်မြ) တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၂နေ ဒေါ်တင်အုန်းမြင့် (တရားလွှတ်တော်ရှေ့နေ)၏ခင်ပွန်း၊ (ဦးကျော်စံ)၊ ဒေါ်သက်သက်ခိုင်၊ ဦးမျိုးနိုင်-ဒေါ်မြင့်မြင့်ခင်၊ ဦးညီညီထွေး-ဒေါ်အေးအေးမြင့်တို့၏ညီ/အစ်ကို၊ (အာကာစိုး)၊ (တာရာစိုး)၊ (ကမ္ဘာစိုး)၊ ဦးအဏ္ဏဝါစိုး (တရားလွှတ်တော်ရှေ့နေ)တို့၏ ဖခင်သည် ရန်ကုန်မြို့ အောင်ရတနာဆေးရုံ၌ ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၃ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ် Jenny

မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်

မြင်းခြံမြို့-အသင်းသူ

အသက်(၆၇)နှစ်

Dr. Thang Cin Mang ၏ ချစ်လှစွာသောဇနီး ဒေါ်Jenny သည် ၁၁-၇-၂၀၁၃ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် Dr. Thang Cin Mang ၊ လွန်း၊ စွန်း၊ ကင်း(မ်)၊ မွန်းတို့နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ (ဟေရှာယ ၅၇း၁-၂)ဖတ်၍ နှစ်သိမ့်မှုယူကြပါစို့။

**မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ မြင်းခြံမြို့**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထင်အောင်

အောင်ဆန်းသူရိယလှသောင်း(ဘော်ဒါ)ကျောင်းသားဟောင်း

**Managing Director**

**(First Flamingo Construction Co.,Ltd.)**

အသက်(၆၂)နှစ်

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ၏ အသင်းသားတစ်ဦးဖြစ်သူ ဦးထင်အောင် အသက်(၆၂)နှစ်သည် ၂၇-၇-၂၀၁၃ ရက်(စနေနေ့) နံနက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(YPGG)**
**ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း**

## (၅) နှစ်ပြည့် လွမ်းဆွတ်အမှျပေးဝေခြင်း

ဆရာကြီးမင်းသိခ်

အစ်ကိုကြီး ကွယ်လွန်ခဲ့သည်မှာ ၁. ၈. ၂၀၁၃ ရက်တွင် (၅) နှစ်ပြည့်ခဲ့ပါပြီ။ အစ်ကိုကြီးအတွက်ရည်စူး၍ ပြုလုပ်ပြီး၊ ပြုလုပ်ဆဲကောင်းမှုကုသိုလ်တို့ကို ရောက်ရာဘုံဘဝမှ ကြား သိပြီး သာဓုအနုမောဒနာ ခေါ်ဆို၍ နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ပါစေ-

ညီ - ဦးဝင်းဇော်၊ ညီမ - ဒေါ်သန်းနုအောင်
တူမ - အေးချမ်းမိုး

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လပ်ချိုမီး(အထက်တန်းပြ-ငြိမ်း၊ ရေဆင်း)

နေပြည်တော်ဇေယျာသီရိမြို့နယ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ပါမောက္ခ (အငြိမ်းစား) ဦးသီးလ်ဗဟာဒူး၏ဇနီး ရေဆင်း အထက၊ အထက်တန်းပြဆရာမ(ငြိမ်း)၊ ဒေါ်လပ်ချိုမီးသည် ၂၇-၇-၂၀၁၃ရက်တွင် မြစ်ကြီးနားမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ယူကျုံးမရ ဝမ်းနည်းကြေကွဲရပါကြောင်း…။

**ရေဆင်းအထကကျောင်းသားကျောင်းသူဟောင်းများ**

## (၆)နှစ်ပြည့်အလွမ်း

## ဦးသိန်းထွတ်(ခ)ဦးဆန်နီ

**(မန်နေဂျာ-နယ်စပ်စည်ပင်ဘဏ်)**

**ချစ်ခင်ပွန်း-**

မမျှော်လင့်ဘဲ မိန်းမကို ခွဲခွာသွားတာ ဒီနေ့ဆိုရင်(၆)နှစ်ပြည့်သွားပေမယ့် မနေ့တစ်နေ့ကလိုပဲ ခံစားရပါတယ်။ နေ့စဉ်၊ လစဉ်ပြုသမျှဒါန၊ သီလ၊ ကုသိုလ်အစုစုတို့ကို ထပ်တူရပါစေ။

**ချစ်ခင်ပွန်း အမျှ-အမျှ-အမျှ**

**ချစ်ဇနီး-ဒေါ်သင်းသင်းလှ**

# (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်သက်နွယ်ဦး(FLORIE DWE)

ဘီ-ဒီ ဂျုံစက်-မန္တလေး

တုနှိုင်းမရသော အနန္တကျေးဇူးရှင်မေမေ၊ မိသားစုအပေါ်သံယောဇဉ်ကြီးမားလှသောမေမေ၊ မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ ၁-၈-၂၀၁၃ရက်တွင် တစ်နှစ်ပြည့်ခဲ့သော်လည်း မေမေ့ရဲ့ကြီးမြတ်လှသော မေတ္တာတရားနှင့် ကျေးဇူးတရားများကို နေ့စဉ်အမြဲ လွမ်းဆွတ်တမ်းတသတိရလျက်ရှိဆဲပါ။

ချစ်သောဇနီး-ချစ်သောမေမေအတွက်ရည်စူးပြီး တစ်နှစ်တာအတွင်းပြုလုပ်ခဲ့ပြီးသော ကောင်းမှုကုသိုလ်အလှူဒါနများ ပြုလုပ်လျက်ရှိသော ကောင်းမှုကုသိုလ်အလှူဒါနများ၊ ပြုလုပ်ရန်ရှိသောကောင်းမှုကုသိုလ်အလှူဒါနများ အစုစုတို့ကို အမျှပေးဝေပါသည် မေမေရေ မြင့်မြတ်သောသုခဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာသာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေသော်-

**အမျှ-အမျှ-အမျှ**

၁-၈-၂၀၁၃ရက်(ယနေ့)တစ်နှစ်ပြည့်မြောက်သောရက်တွင် မေမေ့အတွက် ရည်စူးပြီး တံခွန်တိုင်ရှိ **မိုးထိ-အောင်စည်သာသနာ့ရိပ်သာကြီး**တွင် ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းပြီး၊ ရဟန်းရှင်လူယောဂီတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါသည်။

**ချစ်ခင်ပွန်း ဦးမြင့်သူနှင့်**
**သားသမီး၊ မြေးတစ်စု**
**ဘီ-ဒီဂျုံစက်မိသားစု**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၂၉/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကျော်ကျော်မောင် ဥက္ကဋ္ဌ
(၂) ဦးသန်းညိန်း ဒုတိယဥက္ကဋ္ဌ
(၃) ဒေါ်ခင်စောဦး ဒုတိယဥက္ကဋ္ဌ

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၃၀/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်အား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ဩဂုတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

# ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ရန်ကုန် ဇူလိုင် ၃၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးကျော်ကျော်ဝင်း၊ ဒေါက်တာမောင်မောင်ဌေး၊ ဦးဇော်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။**

ရှေးဦးစွာ ဒုတိယသမ္မတသည် ရင်ပြင်တော် ဧည့်ခံတန်ဆောင်းမှတစ်ဆင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓနုဿတိဘာဝနာ ပွားများ ကြည်ညိုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ရွှေတိဂုံစေတီတော် အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်ကာ စေတီရံများကို ရွှေသင်္ကန်းကပ်လှူ ပူဇော်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယသမ္မတအား ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များ တန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။



ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ယခုလာရောက်ဖူးမြော်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အခြေအနေအရပ်ရပ်ကိုသိရှိရန် စေတီတော်ဂေါပကအဖွဲ့၏ ဖွဲ့စည်းမှု၊ စီမံအုပ်ချုပ်မှု၊ အလှူဘဏ္ဍာငွေရရှိမှု၊ အသုံးပြုမှုများကိုသိရှိရန်နှင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် ဖြစ်ကြောင်း၊ ထို့အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ပြုရာ မြန်မာနိုင်ငံသာမက ကမ္ဘာ့အလယ်တွင်ပါ ထင်ရှားသည့် စေတီတော်မြတ်ကြီးဖြစ်သည့်အားလျော်စွာ လုံခြုံရေးကိစ္စ၊ မီးဘေးကာကွယ်ရေးကိစ္စများ

*စာမျက်နှာ ၅ ကော်လံ ၄* ❍

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေတိဂုံစေတီတော်မြတ် အထက်ပစ္စယံရှိ အရံစေတီများ ရွှေသင်္ကန်း ကပ်လှူပူဇော်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မြောက်ဝင်ရိုးစွန်းအာတိတ်ရေခဲပြင် အရည်ပျော်မှု ကမ္ဘာ့စီးပွားရေးကို ထိခိုက်စေနိုင်

ဝေယံဦး - ရေးသားသည်

ကမ္ဘာ့မြောက်ဝင်ရိုးစွန်းအာတိတ်ဒေသတွင် ရေခဲပြင် အရည်ပျော်မှုကြောင့် မီသိန်းဓာတ်ငွေ့ထွက်ရှိမှုများ ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာ့စီးပွားရေးကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း၊ ထိုသို့ ဖန်လုံအိမ် အာနိသင်ထွက်ရှိမှုကြောင့် စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်နိုင်ကြောင်း နယ်သာလန် သိပ္ပံပညာရှင်များက သုံးသပ်ပြောကြားသည်။



မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုပိုမိုများပြားလာသဖြင့် ကမ္ဘာ့အပူချိန် တိုးမြင့်လာပြီး ရာသီဥတုပြောင်းလဲလာမှုများ၏ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ အာတိတ်ဒေသတွင် ရေခဲများ အရည်ပျော်မှု၊ ကွဲအက်မှုများနှင့် မီသိန်းဓာတ်ငွေ့များ ထွက်ရှိမှုများသည်။ ရာသီဥတုအပေါ် ထိခိုက်စေပြီး ကမ္ဘာ့စီးပွားရေးတွင် အမေရိကန်ဒေါ်လာ ထရီလီယံ ၆၀ ခန့် ထိခိုက်ဆုံးရှုံးနိုင်သည်ဟု ဆို၏။

အဆိုပါ ငွေကြေးပမာဏသည် ၂၀၁၂ ခုနှစ် တစ်ကမ္ဘာလုံး စီးပွားရေး၏ ငွေကြေးပမာဏခန့်ရှိကြောင်း၊ ထိုသို့ ဆိုးကျိုးများကို ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုခံစားရနိုင်ကြောင်း ၎င်းတို့က သုံးသပ်ထားကြသည်။ ယင်းအကျိုးသက်ရောက်မှုသည် လာမည့်နှစ်များအတွင်း အပူချိန်မြင့်တက်လာမှုများဖြစ်ပေါ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက သဘာဝသိပ္ပံဂျာနယ်တွင် ရေးသားထားသည်။

မြောက်ဝင်ရိုးစွန်း ရေခဲပြင်အောက်ရှိ အမြဲအေးခဲနေသော မြေလွှာတွင် မီသိန်းဓာတ်ငွေ့ အများအပြား စုဖွဲ့ဖြစ်တည်နေပြီး ပင်လယ်အောက်ရှိ သဘာဝဓာတ်ငွေ့ထုများတွင်လည်း အများအပြား တည်ရှိနေသည်။ မီသိန်းဓာတ်ငွေ့သည် ဖန်လုံအိမ် အာနိသင်ကို အင်အားပြင်းစွာ ဖြစ်ပေါ်စေသည့် ဓာတ်ငွေ့ဖြစ်ကြောင်း၊ လေထုအတွင်း လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း တဖြည်းဖြည်း တိုးမြင့်လာသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**ဘီဘီစီ**


## ယနေ့ မာတိကာ

ရှမ်းဟိုင်း၌ အပူချိန်လွန် စာ - ၄

မိုးရွာသွန်းမှုများခဲ့သောကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွား စာ - ၆

မိုးသက်လေပြင်းတိုက်ခတ်သဖြင့် မော်လမြိုင်ကျွန်းမြို့နယ်တွင် လူနေအိမ် ၁၂ လုံးနှင့် အခြားအဆောက်အအုံလေးလုံး ပြိုကျပျက်စီး စာ - ၉

ကင်းတားဆည် မကြီးစဖူး ရေနည်း၍ စိုက်ပျိုးရေ ပေးရန် အခက်ကြုံ စာ - ၁၀

ဇူလိုင်လကုန်တွင် စားသုံးဆီဈေးနှုန်းများသက်သာ စာ - ၁၂

ယာဉ်နံပါတ် အင်္ဂလိပ်အက္ခရာ အသစ်တစ်ခု ထွက်ရှိ စာ - ၁၃

ဂါရက်ဘေးလ်နဲ့ ပေါင် ၁၂၅ သန်း စာ - ၁၄